# ကြေးမုံ

The Mirror
Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်၊ ကြာသပတေးနေ့၊ (12-11-2015) (၈၃၈၂)


## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပဌမတွဲ၊ မေတ္တသုတ်-၄၄၃။)

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ်၊ ၆၈/၂၀၁၅**

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ရက်
(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ရက်)

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဖွဲ့စည်းခြင်း**

သတင်းမီဒီယာဥပဒေပုဒ်မ ၁၃အရ "မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ"ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည်-

| | | |
|---|---|---|
| (၁) | ဦးခင်မောင်လေး(ခ)ဖိုးသောကြာ(ခေတ်+မိုး) | ဥက္ကဋ္ဌ |
| (၂) | ဦးဖေမြင့် | ဒုတိယဥက္ကဋ္ဌ(၁) |
| (၃) | ဒေါက်တာမျိုးသန့်တင် | ဒုတိယဥက္ကဋ္ဌ(၂) |
| (၄) | ဦးမင်းဟန် | ဘဏ္ဍာရေးမှူး |
| (၅) | ဒေါက်တာမောင်မောင်စံ | စာရင်းစစ် |
| (၆) | ဦးဟန်ညွန့်(ဦးဟန်ညွန့် ဥပဒေ) | အဖွဲ့ဝင် |
| (၇) | ဦးအောင်လှထွန်း | အဖွဲ့ဝင် |
| (၈) | ဦးတင်မောင်အေး | အဖွဲ့ဝင် |
| (၉) | ဦးဇေယျ | အဖွဲ့ဝင် |
| (၁၀) | ဦးမြင့်ကျော် | အဖွဲ့ဝင် |
| (၁၁) | ဒေါက်တာတင်လှိုင်(ဘိုးလှိုင်) | အဖွဲ့ဝင် |
| (၁၂) | ဦးအုန်းကြိုင်(ဟံသာဝတီဦးအုန်းကြိုင်) | အဖွဲ့ဝင် |
| (၁၃) | ဒေါက်တာတင်ထွန်း (သထုံတင်ထွန်း) | အဖွဲ့ဝင် |
| (၁၄) | ဦးချစ်နိုင်(စိတ်ပညာ) | အဖွဲ့ဝင် |
| (၁၅) | ဦးသိမ်းစိုး | အဖွဲ့ဝင် |
| (၁၆) | ပါမောက္ခဒေါက်တာဦးမြင့်မောင်မောင် | အဖွဲ့ဝင် |
| (၁၇) | ဒေါက်တာဇော်သန်း | အဖွဲ့ဝင် |
| (၁၈) | ဦးမျိုးမင်းယု(ခ)ဦးမျိုးကိုမျိုး | အဖွဲ့ဝင် |
| (၁၉) | ဦးဇေယျာလှိုင် | အဖွဲ့ဝင် |
| (၂၀) | ဦးခိုင်မြတ်ကျော် | အဖွဲ့ဝင် |
| (၂၁) | ဦးဟံသာညိန်း(အေဂျင်စီ) | အဖွဲ့ဝင် |
| (၂၂) | ဦးသီဟစော | အတွင်းရေးမှူး |
| (၂၃) | ဒေါ်သင်းသင်းသာ | တွဲဖက်အတွင်းရေးမှူး (၁) |
| (၂၄) | ဦးကျော်စွာမင်း | တွဲဖက်အတွင်းရေးမှူး (၂) |

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ရွေးကောက်ပွဲအပြီး နိုင်ငံတကာခရီးသွားဧည့်သည်များ မျှော်မှန်းထားသည့်အတိုင်း လာရောက်မည်ဟု မျှော်မှန်း

ယခုနှစ် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော နိုင်ငံတကာ ခရီးသွားဧည့်သည်မှာ မျှော်မှန်းထားသည့် ပမာဏအတိုင်း လာရောက်လည်ပတ်မည်ဟု မျှော်မှန်းထားကြောင်း ခရီးသွားဝန်ဆောင်မှုလုပ်ငန်းရှင်များထံမှ သိရသည်။

ပွင့်လင်းရာသီ ခရီးသွားရာသီအစဖြစ်သော အောက်တိုဘာလတွင် မြန်မာနိုင်ငံသို့ နိုင်ငံခြားသားခရီးသွား ဧည့်သည်လာရောက်မှုမှာ လျော့နည်းခဲ့သော်လည်း နိုဝင်ဘာ ၈ ရက်က ကျင်းပသော အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့် နောက်ပိုင်းတွင် ပြည်ပဧည့်သည်များ ယခင်ကထက် ပိုမိုများပြားလာမည်ဟု ခရီးသွားလုပ်ငန်းကုမ္ပဏီများက မျှော်မှန်းထားကြပြီး မူလမျှော်မှန်းထားသော ခရီးသွားဧည့်သည် ပမာဏသို့ ရောက်ရှိလာနိုင်သည်ဟု သိရသည်။

" ဒီနှစ်က ခရီးသွားဧည့်သည် လာတာက မနှစ်ကထက်များမယ်လို့ မျှော်မှန်းထားတာပါ။ ဒါပေမယ့် နိုဝင်ဘာရွေးကောက်ပွဲနဲ့ မြန်မာ့နိုင်ငံရေးအခြေအနေကို လှေလာစောင့်ကြည့်နေတာတွေကြောင့်

**စာမျက်နှာ ၁၄ ကော်လံ ၁ သို့**



ဗိုလ်ချုပ်ဈေးရှိ လက်ဝတ်ရတနာနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်တစ်ဆိုင်တွင် စိတ်ဝင်တစားလှေလာကြည့်ရှုနေသည့် နိုင်ငံခြားသားနှစ်ဦးကို နိုဝင်ဘာ ၁၀ ရက်က တွေ့ရစဉ်။ [ဓာတ်ပုံ-ငွေးအောင်]




ကြေးမုံစာတည်းရှုထောင့် ၁၂-၁၁-၂၀၁၅၊ ကြာသပတေးနေ့

# မြန်မာနိုင်ငံလူ့အခွင့်အရေးတိုးတက်

ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် ပွင့်လင်းမြင်သာစွာဖြင့် ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့မှုများအနက် မြန်မာနိုင်ငံရှိပြည်သူများအတွက် အခြေခံလွတ်လပ်ခွင့်များ၊ လူ့အခွင့်အရေးများ ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်သည်ကို တွေ့ရပါသည်။

ထိုအခြေအနေကောင်းများကို နိုဝင်ဘာလ ၆ ရက်နေ့က ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ကျင်းပခဲ့သော (၂၃)ကြိမ်မြောက် ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေ ပုံမှန်သုံးသပ်သည့်အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးတိုးတက်မှုအခြေအနေများကို တင်ပြနိုင်ခဲ့ပေသည်။

မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးနှင့်ကလေးသူငယ်များ လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ပြည်တွင်း၌သာမက ဒေသတွင်းနိုင်ငံများနှင့်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့နေရပါသည်။ လူကုန်ကူးမှုငါးနှစ်စီမံကိန်းကို ချမှတ်ဆောင်ရွက်လျက်ရှိရာ၌ ဒေသတွင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့်အမေရိကန်နိုင်ငံတို့နှင့်ပါ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ပေးနိုင်ရန်အတွက် ၂၀၁၁ ခုနှစ်ကတည်းက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ ယခုနှစ်အတွင်း လူကုန်ကူးပြစ်မှုကျူးလွန်သူ ၂၀၁ ဦးကို ဥပဒေနှင့်အညီ အရေးယူဖမ်းဆီးတရားစွဲဆိုနိုင်ခဲ့သည့်အပြင် လူကုန်ကူးခံရသူများကိုလည်း ကယ်တင်စောင့်ရှောက်ပေးနိုင်ခဲ့ပါသည်။

ယမန်နှစ်က ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေး နိုင်ငံတကာအဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်ရေးကိုလည်း တိုးမြှင့်ဆောင်ရွက်နေသည်ကို တွေ့ရသည်။ ထိုသို့ဆောင်ရွက်ရာ၌ မြန်မာနိုင်ငံ၏နယ်ပယ်အသီးသီးတွင် တိုးတက်ပြောင်းလဲမှုများကို ပြုလုပ်လျက်ရှိသည့် လုပ်ငန်းများတွင် ကုလသမဂ္ဂနှင့်နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာကလေးများငွေကြေးရန်ပုံငွေအဖွဲ့အစည်းနှင့် လူမှုအသိုက်အဝန်းအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကလေးသူငယ်အခွင့်အရေးများကို ပိုမိုကာကွယ်စောင့်ရှောက်ပေးလျက်ရှိရာ ယခင်ကနှင့်မတူ တိုးတက်မြှင့်တင်နိုင်သည်ကိုတွေ့ရပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကလေးသူငယ်များ အခမဲ့ပညာသင်ကြားခွင့်၊ အရွယ်မရောက်သေးသော ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှကာကွယ်ခွင့်များအား ဖော်ဆောင်ပေးလျက်ရှိပါသည်။

အရွယ်မရောက်သေးသူကလေးသူငယ်စစ်မှုထမ်းခြင်း အသိပညာပေးလုပ်ငန်းများကို နိုင်ငံအနှံ့တိုးမြှင့်ဆောင်ရွက်ခဲ့ပြီး အရွယ်မရောက်သေးသူတပ်မတော်သား ၆၄၅ ဦးကို နုတ်ထွက်ခွင့်ပေးခဲ့သည်ဟု သိရသည်။ တားမြစ်ချက်ကို ချိုးဖောက်သော တာဝန်ရှိသူအရာရှိ ၅၆ ဦးနှင့် အခြားအဆင့် ၂၈၃ ဦးတို့အား အရေးယူနိုင်ခဲ့ခြင်းတို့မှာ ထင်ရှားသည့်ဆောင်ရွက်ချက်များပင်ဖြစ်သည်။

ထို့ပြင်သာမက အလုပ်သမားအခွင့်အရေးကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးအတွက် ဥပဒေများ ပြဋ္ဌာန်းခဲ့ခြင်း၊ အဓမ္မစေခိုင်းမှုပပျောက်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး၊ အလုပ်သမားအငြင်းပွားမှုဖြေရှင်းဆောင်ရွက်ရေး၊ ရွှေ့ပြောင်းအလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေရှိမည့် အသင်းအဖွဲ့များဖွဲ့စည်းခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊ မြေယာပြဿနာများကို ဖြေရှင်းဆောင်ရွက်ခွင့်၊ သိမ်းဆည်းလယ်ယာမြေများအား မူလပိုင်ရှင်များအား ပြန်လည်လွှဲပြောင်းပေးခွင့်၊ နိုင်ငံသားအားလုံးအား တရားဥပဒေနှင့်အညီ တန်းတူအကာအကွယ်ပေးခွင့်များ ဆောင်ရွက်ပေးထားသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအပေါ် အချို့အဖွဲ့အစည်းများက ယင်းတို့နှင့်ပတ်သက်၍ တစ်ဖက်သတ်စွပ်စွဲပြစ်တင်မှုများရှိခဲ့သော်လည်း အမှန်တကယ်ဆောင်ရွက်ခဲ့သော ဤလူ့အခွင့်အရေးဆိုင်ရာတိုးတက်မှုများက အလုပ်ဖြင့် လက်တွေ့သက်သေပြနိုင်ခဲ့ပြီဖြစ်ပါသည်။ ။

# ရွှေးကောက်ပွဲအလွန် ရော်ဘာဈေးကွက် ပြန်လည်ဦးမော့လာရန် စိုက်ပျိုးသူများမျှော်လင့်

**ရေး နိုဝင်ဘာ ၁၁**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းများအနက် နှစ်ရှည်ရော်ဘာပင်စိုက်ပျိုးထုတ်လုပ်သူ အများအပြားမှာ ရွှေးကောက်ပွဲအလွန်ကာလ ရော်ဘာဈေးကွက်အတွင်း ပြန်လည်ဦးမော့လာရန် မျှော်လင့်နေကြကြောင်း သိရသည်။

“အခုချိန်မှာ ရော်ဘာစိုက်တောင်သူတွေ ရော်ဘာဈေးကမကောင်းတော့ သက်တမ်းလွန်ပင်အိုတွေကို ခုတ်လှဲပြီး ပြန်လည်ရောင်းချနေကြပါတယ်။ ပင်အိုတစ်ပင်လျှင် ကျပ် ၃၀၀၀ လောက်အထိရရှိပါတယ်”ဟု ရော်ဘာစိုက်တောင်သူတစ်ဦးက ပြောသည်။

ရော်ဘာအရောင်းအဝယ်ပြုလုပ်သူတစ်ဦးက “ဒေသအတွင်းရော်ဘာဈေးကွက်ကအရင်လိုမကောင်းဘူး။ ရော်ဘာစိုက်တောင်သူအများအပြားအပင်အိုတွေ ခုတ်လှဲရောင်းချနေတာ တွေ့ရတယ်။ ရော်ဘာဈေးနှုန်းကမကောင်းတဲ့အပြင် နိုင်ငံတကာနဲ့ယှဉ်ရင် အရည်သွေးလည်း မမီဘူး။ ဈေးကွက်လည်း မထိုးဖောက်နိုင်ဘဲ သုံးစွဲမှုထက် ထုတ်လုပ်မှုပမာဏက ပိုမိုများပြားလာတော့ ခြံရှင်အများစုက ပင်အိုကို ခုတ်လှဲကြပြီး ဘယ်လိုစီးပွားဖြစ်အပင်မျိုး စိုက်ပျိုးရမလဲဆိုတာကိုပဲ စဉ်းစားတွေဝေနေကြပါတယ်” ဟု ဆိုသည်။

ယနေ့အချိန်တွင် မွန်ပြည်နယ် ရေးမြို့နယ်သည် ရော်ဘာစိုက်ပျိုးထုတ်လုပ်ထွက်ရှိမှုအများဆုံးဖြစ်ပြီး စိုက်ပျိုးဧကမှာလည်း တစ်သိန်းခွဲဝန်းကျင်ခန့်ရှိသဖြင့် အဓိကစီးပွားဖြစ်ရပ်တည်နေကြသော စိုက်ပျိုးရေးလုပ်ငန်းတစ်ခုဖြစ်သည်။ လက်ရှိရော်ဘာပေါက်ဈေးမှာ ယခင်နှစ်များကထက် အနိမ့်ဆုံးအဆင့်တွင် တည်ရှိနေသဖြင့် စိုက်ပျိုးတောင်သူများနှင့် အစေးခြစ်လုပ်သားများ တွက်ခြေမကိုက်ကြသည့်အပြင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်သူ စီးပွားရေးလုပ်ငန်းများမှာလည်း အရောင်းအဝယ်ဈေးကွက်အေးနေ၍ ရွှေးကောက်ပွဲအလွန် ရော်ဘာဈေးနှုန်း



ဈေးကွက်အတွင်း ပြန်လည်ဦးမော့လာရန် မျှော်လင့်ထားကြောင်း သိရသည်။

**ထွဋ်ထွဋ်(ရေး)**

# နှမ်းများ ဈေးကောင်းရ၍ တောင်သူများ အဆင်ပြေ

**လှိုင်ကော် နိုဝင်ဘာ ၁၁**

ကယားပြည်နယ် ဘောလခဲ၊ ရှာသစ်၊ ဖားဆောင်း၊ မယ်စဲ့၊ ရှားတော မြို့နယ်တို့၌ နှမ်းစိုက်တောင်သူများမှာ ယခင် နှစ်လောက် မိုးမရွာသွန်း၍ နှမ်းအထွက်နှုန်း ရည်မှန်းသလောက် မရရှိသော်လည်း ယခင်နှစ်ထက် နှမ်းဈေးမှာ ဈေးပိုရ၍ ဒေသခံပြည်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

နှမ်းများအား ရာသီအစဒေသပေါက်ဈေးမှာ ရိုးရိုး(နက်) တစ်ပိဿာ ကျပ် ၃၀၀၀၊ စမုန်နက် တစ်ပိဿာ ကျပ် ၄၀၀၀ ဖြစ်ပြီး ရိုးရိုး(နက်)မှာ ကျပ် ၃၆၀၀ ထိနှင့် စမုန် (နက်)မှာ ကျပ် ၄၇၀၀ ထိ ဈေးတက်ခဲ့ပြီး ယခုအချိန်၌ ရိုးရိုး(နက်) တစ်ပိဿာ ကျပ် ၃၅၀၀နှုန်း၊ စမုန်နက် တစ်ပိဿာ ကျပ် ၄၅၀၀ ဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း(လှိုင်ကော်)**

# မင်းတပ်မြို့၌ အထက(၃)ကျောင်းသစ်ဖွင့်

**မင်းတပ် နိုဝင်ဘာ ၁၁**

အထက(ခွဲ)ကျောင်းမှ အထက(၃) ကျောင်းသစ်ဖွင့်လှစ်သည့် အခမ်းအနားကို မင်းတပ်မြို့အနောက်ရပ်ကွက် အထက(၃) ကျောင်း၌ နိုဝင်ဘာ ၁၁ရက် နံနက် ၈ နာရီက ကျင်းပရာ ချင်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဦးနိန်နိုင်၊ မင်းတပ်ခရိုင် ပညာရေးမှူး(တာဝန်ခံ) ဦးလိန်းကီးနှင့် ကျောင်းအကျိုးတော်ဆောင် ဦးကီးအွမ်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကျောင်းသစ်ဖွင့်ပွဲတွင် ချင်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး၊ ဦးဟာရှိန်းဘွေ၊ ဦးထန်းလိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးငွေဒိုးနှင့် မြို့နယ်ပညာရေးမှူး ဦးအောင်ဇော်ဝင်းတို့က အဖွင့်အမှာစကားပြောကြားကြပြီး အထက(၃)ကျောင်းအုပ်ကြီးက ကျောင်းသမိုင်းကို ဖတ်ကြားသည်။

အခမ်းအနားတွင် ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ရပ်မိရပ်ဖများတက်ရောက်ကြသည်။

**ခရိုင်ပြန်/ဆက်**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၁၁**

ရန်ကုန်(ရွှေဈေး) - ၇၅၂၅၀၀ - ၇၅၃၅၀၀၊ မန္တလေး(ရွှေဈေး) ၇၅၂၅၀၀ - ၇၅၃၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၃၀/၆၄၀ ကျပ်၊ | ၆၈၀/၆၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ ကျပ်၊ | ၈၆၀/၈၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၈၀/၆၉၀ ကျပ်၊ | ၇၄၀/၇၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၇၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၉၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၂၈၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၈၀. ၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၂၀၂. ၁၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၅. ၈၅၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၄. ၉၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၉. ၄၂၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၁၀၄၄. ၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၁. ၂၂ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၉၀၆. ၂၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၉၀၅. ၉၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

# နိုင်ငံတော်သမ္မတနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ထံ ဒေါ်အောင်ဆန်းစုကြည်မှ တွေ့ဆုံဆွေးနွေးရန် တောင်းခံခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့ထံသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်မှ တွေ့ဆုံခွင့်တောင်းသည့် စာနှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများပြီးဆုံးချိန်တွင် နှစ်ဖက်ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအလွန် ကြားကာလ တည်ငြိမ်အေးချမ်းမှုရှိစေရန်အတွက် အားလုံးပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

အဆိုပါ တွေ့ဆုံခွင့်တောင်းသည့်စာကို ဒေါ်အောင်ဆန်းစုကြည်မှ နိုဝင်ဘာ ၁၀ ရက် နေ့စွဲဖြင့် သီးခြားစီပေးပို့ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်သမ္မတရုံးနှင့် တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့တို့က ယနေ့ နိုဝင်ဘာ ၁၁ ရက်နေ့စွဲဖြင့် သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ သတင်းထုတ်ပြန်ချက်များတွင် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို တည်ငြိမ်အေးချမ်းအောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ ထိုသို့အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံသားတာဝန် ကျေပွန်စွာ ပါဝင်မဲပေးခဲ့ကြသော တိုင်းရင်းသား မိဘပြည်သူများအားလုံး၊ အောင်မြင်သော ရွေးကောက်ပွဲများ ကျင်းပနိုင်ရန် တာဝန်ယူဆောင်ရွက်ခဲ့ကြသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အဆင့်ဆင့်သော ကော်မရှင်များ၊ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေး တတ်နိုင်သမျှ ပံ့ပိုးကူညီဆောင်ရွက်ခဲ့ကြသော တပ်မတော် တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မဲရုံတာဝန်ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်းများ၊ ရွေးကောက်ပွဲအထူးရဲများ၊ လေ့လာစောင့်ကြည့်မှုများ ဆောင်ရွက်ခဲ့ကြသော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ ဂုဏ်သိက္ခာရှိရှိ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအားလုံးကို နိုင်ငံတော်နှင့် နိုင်ငံသားများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း။

ယနေ့အထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် ရလဒ်များအရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လွှတ်တော်နေရာအများစုဖြင့် ဦးဆောင်နိုင်မှုအပေါ် ဂုဏ်ပြုပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မဲဆန္ဒရှင် တိုင်းရင်းသားပြည်သူများ၏ ရွေးချယ်မှုနှင့် အဆုံးအဖြတ်ကို လေးစားလိုက်နာပြီး သတ်မှတ်အချိန်များအတိုင်း အေးချမ်းတည်ငြိမ်စွာ လွှဲပြောင်းနိုင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

# ရွေးကောက်ပွဲအလွန်ကာလတွင် အစိုးရသစ်နှင့်လက်တွဲ၍ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ကြရမည်

**နေပြည်တော် နိုဝင်ဘာ ၁၁**





နိုင်ငံတော်၏ ကောင်းမွန်သော ပုံရိပ်ဖြစ်သည့်အထွေထွေရွေးကောက်ပွဲကြီးအား နိုဝင်ဘာ ၈ ရက်တွင် အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ကြောင်း၊ Observer များအနေဖြင့် ပြည်ပလေ့လာသူ ၁၀၀၀ ကျော်၊ ပြည်တွင်းလေ့လာသူ ၉၀၀၀ ကျော် စုစုပေါင်း ပြည်တွင်း၊ ပြည်ပလေ့လာသူ ၁၀၀၀၀ ကျော်နှင့် သံတမန်များသည် တပ်မဲရုံများအပါအဝင် နိုင်ငံတစ်ဝန်းရှိ မဲရုံများကို သွားရောက်လေ့လာကြပြီး လွတ်လပ်မျှတသည့် မဲပေးမှုစနစ်ကို တွေ့မြင်ခဲ့ရကြောင်း၊ တပ်မတော်သားများ၊ မိသားစုဝင်များ၊ မှီခိုသူများအနေဖြင့် မိမိတို့ဆင်ခြင်တုံတရားဖြင့် လွတ်လပ်စွာမှန်မှန်ကန်ကန် ရွေးချယ်မဲပေးခဲ့ကြပြီး တပ်ပြင်နေ မိသားစုများအနေဖြင့်လည်း သက်ဆိုင်ရာပြင်ပမဲရုံများတွင် လွတ်လပ်စွာ မဲပေးခဲ့ကြကြောင်း၊ ယင်းသို့ ဆောင်ရွက်နိုင်ခဲ့မှုများအတွက် ဂုဏ်ပြုချီးကျူးပါကြောင်း တပ်မတော်စည်းရုံးရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့ မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပသည့် တပ်မတော်စည်းရုံးရေး ဗဟိုဦးစီးကော်မတီ၏ (၇/၂၀၁၅) ကြိမ်မြောက် အစည်းအဝေးတွင် ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တပ်မတော်စည်းရုံးရေး ဗဟိုဦးစီးကော်မတီဝင်များ၊ တပ်မတော်စည်းရုံးရေးကော်မတီဝင်များ တက်ရောက်ကြသည်။**(အပေါ်ပုံ)**

အစည်းအဝေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်စည်းကမ်းကောင်းမွန်မှုနှင့် အမိန့်နာခံမှုကောင်းခြင်းသည် စစ်သားကောင်းတို့၏ အလုပ်ဖြစ်သကဲ့သို့ ယင်းနှစ်ချက်ကြောင့် မိမိတို့တပ်မတော် တည်တည်တံ့တံ့နှင့် ခိုင်ခိုင်မာမာရှိနေခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲအလွန်ကာလတွင် အစိုးရသစ်နှင့်လက်တွဲ၍ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ မှန်မှန်ကန်ကန် လုပ်ဆောင်ခြင်းဖြင့် ပြည်သူလူထု၏ နားလည်ယုံကြည်မှုကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ၂၀၁၀ခုနှစ် ပထမအကြိမ် အထွေထွေရွေးကောက်ပွဲသည် ဗဟိုဦးစီးစနစ်မှ ပါတီစုံဒီမိုကရေစီစနစ်သို့ ပြောင်းလဲခြင်းဖြစ်ပြီး ယခုဒုတိယအကြိမ် အထွေထွေရွေးကောက်ပွဲသည် ပါတီစုံဒီမိုကရေစီစနစ် ဒုတိယသက်တမ်းအတွက် လုပ်ဆောင်ခြင်းဖြစ်ကြောင်း။

ဒုတိယသက်တမ်းအတွက် ပြုလုပ်သော အထွေထွေရွေးကောက်ပွဲတွင် လုပ်ဆောင်ဖွယ်ရာများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအား ကိုယ်စိတ်နှစ်ပါး ချမ်းသာစေရေး လုပ်ဆောင်ပေးရန် လိုအပ်ကြောင်း၊ တရားဥပဒေစိုးမိုးခြင်း၊ စိတ်အေးချမ်းစွာ နေထိုင်ရခြင်းတို့သည် စိတ်ချမ်းသာမှုကို ပေးစွမ်းနိုင်သကဲ့သို့ စားဝတ်နေရေးအဆင်ပြေပြီး စီးပွားရေးကောင်းမွန်ခြင်းသည် ကိုယ်ချမ်းသာမှုကို ပေးစွမ်းနိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာရှိစေရေး ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း။

တပ်မတော်၏အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးနှင့် ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ရေး၊ ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ တိုင်းပြည်စည်းလုံး ညီညွတ်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့မှ ထာဝရငြိမ်းချမ်းရေးရသည်အထိ ဆက်လက်ဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးစသည်ဖြင့် တိုင်းပြည်၏ ကျရာတာဝန်များကိုပါ ဆက်လက်လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း Standard Army ဖြစ်စေရန် တပ်တည်ဆောက်ရေးလုပ်ငန်းကြီး (၄) ရပ်အား အရှိန်အဟုန်မပျက် ဆက်လက်လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ မည်သည့်အစိုးရတက်သည်ဖြစ်စေ ယင်းလုပ်ငန်းတာဝန်များကို တပ်မတော်၏ အစဉ်အလာ ၁၂ ရပ်နှင့်အညီ ဆက်လက်ထိန်းသိမ်းလုပ်ဆောင်ရန် မိမိတို့အားလုံးတွင် တာဝန်ရှိကြောင်း၊ တပ်တွင်း စည်းလုံးညီညွတ်မှုသည် များစွာအရေးကြီးသဖြင့် ကြည်း၊ ရေ၊ လေ မခွဲခြားဘဲ၊ လက်ရုံးတပ်ဖွဲ့ မခွဲခြားဘဲ တပ်မတော်တစ်ခုလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အကောင်းဆုံးဖြစ်အောင် ပြင်ဆင်လုပ်ဆောင်သွားကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ရလဒ်များကြေညာခြင်းနှင့် သတင်းစာရှင်းလင်းပွဲ ဆက်လက်ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၁**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ရလဒ်များကို ယနေ့နံနက် ၉ နာရီမှစတင်၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး မီဒီယာစင်တာ၌ ဆက်လက်ထုတ်ပြန်ကြေညာပေးလျက်ရှိသည်။

ယနေ့ညနေ ၄ နာရီတွင် အဆိုပါရုံး မီဒီယာစင်တာ၌ သတင်းစာရှင်းလင်းပွဲကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအား လွတ်လပ်မျှတပြီး တည်ငြိမ်အေးချမ်းစွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များဖြစ်သည့် EU နှင့် ကာတာစင်တာတို့ကလည်း သတင်းစာရှင်းလင်းပွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည့်အပြင် ပြင်သစ်နိုင်ငံသမ္မတကပါ ချီးကျူးခဲ့ပါကြောင်း။

ရွေးကောက်ပွဲရလဒ်များကိုနိုဝင်ဘာ ၉ ရက်မှစတင်၍ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ ယနေ့ညနေ ၄ နာရီအထိ မဲရလဒ်ထုတ်ပြန်ပြီးမှုများမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၂၃ ဦးတွင် ၁၄၉ ဦး၏ အမည်စာရင်းကို ထုတ်ပြန်ခဲ့ပြီးဖြစ်သည့်အတွက် ၄၆ ဒသမ ၁၃ ရာခိုင်နှုန်း ထုတ်ပြန်ပြီး ဖြစ်ပါကြောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦးတွင် ၈၃ ဦး၏ အမည်စာရင်းကို ထုတ်ပြန်ခဲ့ပြီးဖြစ်သည့်အတွက် ၄၉ ဒသမ ၄ ရာခိုင်နှုန်း ထုတ်ပြန်ပြီးဖြစ်ပါကြောင်း။

လွှတ်တော်အားလုံးအနေဖြင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်တို့ရှိ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၁၁၂၂ ဦးတွင် စုစုပေါင်းကိုယ်စားလှယ် ၅၀၆ ဦး ကြေညာပေးပြီးဖြစ်သည့်အတွက် ၄၅ ဒသမ ၁ ရာခိုင်နှုန်း ထုတ်ပြန်ပြီး ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ထုတ်ပြန်နိုင်ခြင်းသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က အစဉ်တစိုက် ကြိုးစားအားထုတ်ခဲ့မှု၏ ရလဒ်ဖြစ်ပါကြောင်း၊ ထုတ်ပြန်ရန်ကျန်ရှိသည့် မဲရလဒ်များကိုလည်း ကြန့်ကြာနှောင့်နှေးခြင်း မရှိစေရန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက ပြည်တွင်း ပြည်ပ သတင်းမီဒီယာများကမေးမြန်းသည့် မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၅ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုများ၊ မဲစာရင်းပြုစုခြင်းနှင့် ပတ်သက်၍ တွေ့ကြုံခဲ့ရသည့် အခြေအနေများ၊ နောင်ရွေးကောက်ပွဲများတွင် ပြည်သူလူထု မဲဆန္ဒရှင်များအနေဖြင့် သိရှိနားလည်ပြီး ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲဆိုင်ရာ ရငွေ သုံးငွေ စာရင်းဆိုင်ရာများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ရောက်ရှိလာသည့် အငြင်းပွားမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဖြေကြားသည်။

**(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အနိုင်ရပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မဲရလဒ်များ

(ယမန်နေ့မှ အဆက်)

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲ အရေ အတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၈၉။ | ကချင်ပြည်နယ် | ဝိုင်းမော် | ဦးလဂန်ဇယ်ဂျုံး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၁၉၇၈ |
| ၉၀။ | ကချင်ပြည်နယ် | ဖားကန့် | ဦးတင့်စိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၀၃၅၀ |
| ၉၁။ | ကချင်ပြည်နယ် | ရွှေကူ | ဦးဇာနည်မင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၂၀၅၄ |
| ၉၂။ | ကချင်ပြည်နယ် | မချမ်းဘော | ဦးနန်မွန်ထင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၄၃၅ |
| ၉၃။ | ကယားပြည်နယ် | လွိုင်ကော် | ဒေါက်တာခင်စည်သူ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၃၃၄၄ |
| ၉၄။ | ကယားပြည်နယ် | ဖရူဆို | ဦးပွဲ့ဒူ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၃၆၃ |
| ၉၅။ | ကယားပြည်နယ် | ဖားဆောင်း | ဒေါ်နန်းထွေးသူ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၄၇၁ |
| ၉၆။ | ကရင်ပြည်နယ် | သံတောင်ကြီး | ဦးစောဗစ်တာခလိုက် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၃၂၄၇ |
| ၉၇။ | ချင်းပြည်နယ် | ဟားခါး | ဦးနိုယာအုပ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၀၆၀၅ |
| ၉၈။ | ချင်းပြည်နယ် | ထန်တလန် | ဒေါ်နီရွှေလျန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၇၄၆ |
| ၉၉။ | စစ်ကိုင်းတိုင်းဒေသကြီး | မြင်းမူ | ဦးစိုးစံသက်ထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၃၇၂၄ |
| ၁၀၀။ | စစ်ကိုင်းတိုင်းဒေသကြီး | မြောင် | ဦးဌေးဌေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၈၆၆၅ |
| ၁၀၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ဝက်လက် | ဦးမြင့်သိန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၆၈၁၉ |
| ၁၀၂။ | စစ်ကိုင်းတိုင်းဒေသကြီး | ဒီပဲယင်း | ဦးဝင်းမြင့်အောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၁၄၇၂ |
| ၁၀၃။ | စစ်ကိုင်းတိုင်းဒေသကြီး | မုံရွာ | ဦးသန့်စင်မောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၆၇၈၆၅ |
| ၁၀၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ဘုတလင် | ဦးမြင့်ဟန်ထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၀၇၃၉ |
| ၁၀၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ချောင်းဦး | ဦးမျိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၃၅၃၅ |
| ၁၀၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ကနီ | ဦးထွန်းထွန်းနိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၇၇၀၀ |
| ၁၀၇။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ဒေါက်တာဒေါ်ရွှေပုံ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၄၉၁၉၀ |
| ၁၀၈။ | ပဲခူးတိုင်းဒေသကြီး | သနပ်ပင် | ဦးမြင့်ဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၈၅၅၄ |
| ၁၀၉။ | ပဲခူးတိုင်းဒေသကြီး | ဝေါ | ဦးတင်ထွေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၇၆၅၀ |
| ၁၁၀။ | ပဲခူးတိုင်းဒေသကြီး | ညောင်လေးပင် | ဒေါက်တာမြင့်သိန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၆၂၈၂ |
| ၁၁၁။ | ပဲခူးတိုင်းဒေသကြီး | ကျောက်တံခါး | ဦးခင်မောင်ဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၇၃၅၂ |
| ၁၁၂။ | ပဲခူးတိုင်းဒေသကြီး | တောင်ငူ | ဦးခင်မောင်သန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၆၆၁၇ |
| ၁၁၃။ | ပဲခူးတိုင်းဒေသကြီး | ကျောက်ကြီး | ဦးမြင့်ဌေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၇၅၂၄ |
| ၁၁၄။ | ပဲခူးတိုင်းဒေသကြီး | အုတ်တွင်း | ဒေါ်ချိုချို | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၄၃၅၀ |
| ၁၁၅။ | ပဲခူးတိုင်းဒေသကြီး | ပန်းတောင်း | ဒေါ်ခင်နှင်းသစ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၉၇၆၉ |
| ၁၁၆။ | ပဲခူးတိုင်းဒေသကြီး | ပေါင်းတည် | ဦးအေးမင်းအောင်(ခ) ဦးမင်းမင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၂၇၀၃ |
| ၁၁၇။ | ပဲခူးတိုင်းဒေသကြီး | လက်ပံတန်း | ဦးကျော်မင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၃၂၈၅ |
| ၁၁၈။ | ပဲခူးတိုင်းဒေသကြီး | မင်းလှ | ဒေါက်တာသန်းအောင်စိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၃၁၉၅ |
| ၁၁၉။ | မကွေးတိုင်းဒေသကြီး | ငဖဲ | ဦးစိုးမြင့်(ခ)ဦးစိုးလွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၁၈၄၂ |
| ၁၂၀။ | မကွေးတိုင်းဒေသကြီး | စေတုတ္တရာ | ဦးကျော်အောင်လွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၆၉၉၉ |
| ၁၂၁။ | မကွေးတိုင်းဒေသကြီး | မင်းလှ | ဦးကျော်ကြီး(ခ)အုန်းခင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၁၈၃၈ |
| ၁၂၂။ | မကွေးတိုင်းဒေသကြီး | ရေစကြို | ဦးတိုးရွှေ(ခ)ဒေါက်တာ တင်ဌေးအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၈၄၃၉ |
| ၁၂၃။ | မကွေးတိုင်းဒေသကြီး | မြိုင် | ဦးအောင်ခင်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၉၄၄၇၇ |
| ၁၂၄။ | မန္တလေးတိုင်းဒေသကြီး | ပြင်ဦးလွင် | ဒေါ်တာအောင်ခင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၆၅၁၉ |
| ၁၂၅။ | မန္တလေးတိုင်းဒေသကြီး | နွားထိုးကြီး | ဦးနိုင်ထူးအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၈၃၁၉ |
| ၁၂၆။ | မန္တလေးတိုင်းဒေသကြီး | ပျော်ဘွယ် | ဦးသောင်းအေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၈၂၃၈၂ |
| ၁၂၇။ | မွန်ပြည်နယ် | ကျိုက်မရော | ဦးစောကျော်ဝင်းမောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၁၄၄၇ |
| ၁၂၈။ | မွန်ပြည်နယ် | ပေါင် | ဒေါ်မိကွန်ချမ်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၂၈၃၁ |
| ၁၂၉။ | မွန်ပြည်နယ် | ကျိုက်ထို | ဒေါက်တာခင်ဆောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၂၁၃၉ |
| ၁၃၀။ | မွန်ပြည်နယ် | ဘီးလင်း | ဦးတင်ကိုကိုဦး(ခ)အတွတ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၅၃၄၁ |
| ၁၃၁။ | ရန်ကုန်တိုင်းဒေသကြီး | တောင်ဥက္ကလာပ | ဒေါက်တာစောနိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၇၂၉၁ |
| ၁၃၂။ | ရန်ကုန်တိုင်းဒေသကြီး | ဒဂုံမြို့သစ်(မြောက်ပိုင်း) | ဒေါက်တာခင်မောင်မောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၄၇၆၂ |
| ၁၃၃။ | ရန်ကုန်တိုင်းဒေသကြီး | ဒဂုံမြို့သစ်(တောင်ပိုင်း) | ဦးအေးနိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၉၀၁၂၂ |
| ၁၃၄။ | ရန်ကုန်တိုင်းဒေသကြီး | ကျောက်တန်း | ဒေါ်အေးမြမြမျိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၅၀၆၅ |
| ၁၃၅။ | ရန်ကုန်တိုင်းဒေသကြီး | တွံတေး | ဦးမြင့်လွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၄၆၆၃ |
| ၁၃၆။ | ရန်ကုန်တိုင်းဒေသကြီး | ကော့မှူး | ဒေါ်အောင်ဆန်းစုကြည် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၄၆၇၆ |
| ၁၃၇။ | ရှမ်းပြည်နယ် | ပင်းတယ | ဦးစိုးမြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၁၆၃၈ |
| ၁၃၈။ | ရှမ်းပြည်နယ် | ကျောက်မဲ | ဦးစိုင်းထွန်းအောင် | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၃၈၀၅၈ |
| ၁၃၉။ | ရှမ်းပြည်နယ် | မဘိမ်း | ဦးအောင်မြင့်ရှိန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၄၃၉ |
| ၁၄၀။ | ရှမ်းပြည်နယ် | မူဆယ် | ဦးစိုင်းဖိုးမြတ် | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂၂၂၉၄ |
| ၁၄၁။ | ရှမ်းပြည်နယ် | မိုင်းဆတ် | ဦးစိုင်းခတ္တိယ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၈၈၇၆ |
| ၁၄၂။ | ရှမ်းပြည်နယ် | မိုင်းတုံ | ဦးအောင်ကျော်ဦး(ခ) ဦးကျော်ဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၀၄၀ |
| ၁၄၃။ | ရှမ်းပြည်နယ် | မိုင်းယောင်း | ဦးစိုင်းထွန်းအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၄၇၇ |
| ၁၄၄။ | ဧရာဝတီတိုင်းဒေသကြီး | ဟင်္သာတ | ဦးခင်မောင်ရီ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၁၄၁၆၃ |
| ၁၄၅။ | ဧရာဝတီတိုင်းဒေသကြီး | အိမ်မဲ | ဒေါ်သန္တာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၉၄၂၈ |
| ၁၄၆။ | ဧရာဝတီတိုင်းဒေသကြီး | ပန်းတနော် | ဦးမန်းညွန့်သိန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၂၇၈၀ |
| ၁၄၇။ | ဧရာဝတီတိုင်းဒေသကြီး | ဓနုဖြူ | ဦးတင်လှ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၂၈၅၀ |
| ၁၄၈။ | ဧရာဝတီတိုင်းဒေသကြီး | ဖျာပုံ | ဦးဝင်းထွဋ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၂၃၆၉ |
| ၁၄၉။ | ဧရာဝတီတိုင်းဒေသကြီး | ဘိုကလေး | ဦးမင်းသိုင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၁၇၆၃ |
| ၁၅၀။ | ကချင်ပြည်နယ် | ချီဖွေ | ဦးဇုန်းတိန့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၄၄၄၆ |
| ၁၅၁။ | ကချင်ပြည်နယ် | မိုးညှင်း | ဒေါ်စန်းစန်းအိ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၀၄၁၀ |
| ၁၅၂။ | ကချင်ပြည်နယ် | မိုးကောင်း | ဦးဝင်းနိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၄၀၄၈ |
| ၁၅၃။ | ကချင်ပြည်နယ် | မံစီ | ဦးချင်းဖေလင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၆၉၇ |
| ၁၅၄။ | ကချင်ပြည်နယ် | ဆွမ်ပရာဘွမ် | ဦးလုံဂျုံဆန်မိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၃၅ |
| ၁၅၅။ | ကရင်ပြည်နယ် | လှိုင်းဘွဲ့ | ဦးခင်ချို | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၁၂၉၀ |
| ၁၅၆။ | ကရင်ပြည်နယ် | ဖာပွန် | ဦးထွန်းမြအောင်(ခ) ဦးစောထွန်းမြအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၅၂၃၁ |
| ၁၅၇။ | ကရင်ပြည်နယ် | မြဝတီ | ဦးစိန်ဗိုလ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၁၇၃၈ |
| ၁၅၈။ | ချင်းပြည်နယ် | တွန်းဇံ | ဦးခမ်ခန့်ထန် | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၄၂၂၈ |
| ၁၅၉။ | ချင်းပြည်နယ် | မင်းတပ် | ဦးနေလင်းအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၂၀၆ |
| ၁၆၀။ | စစ်ကိုင်းတိုင်းဒေသကြီး | ခင်ဦး | ဒေါက်တာဝင်းအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၅၄၈၉ |
| ၁၆၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ရေဦး | ဒေါက်တာမင်းသိန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၇၄၆၈ |
| ၁၆၂။ | စစ်ကိုင်းတိုင်းဒေသကြီး | တန့်ဆည် | ဦးမြင့်ထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၃၇၅၈ |
| ၁၆၃။ | စစ်ကိုင်းတိုင်းဒေသကြီး | ပုလဲ | ဒေါ်ခင်စန်းလှိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၄၇၄၉ |
| ၁၆၄။ | စစ်ကိုင်းတိုင်းဒေသကြီး | အင်းတော် | ဒေါက်တာဒေါ်ပြုံး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၉၁၁၂ |
| ၁၆၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ဝန်းသို | ဦးနေစိုးအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၂၃၃၅ |
| ၁၆၆။ | စစ်ကိုင်းတိုင်းဒေသကြီး | မင်းကင်း | ဦးမောင်မြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၃၃၀၂၁ |
| ၁၆၇။ | စစ်ကိုင်းတိုင်းဒေသကြီး | တမူး | ဦးနိုင်နိုင်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၅၁၁၂ |
| ၁၆၈။ | စစ်ကိုင်းတိုင်းဒေသကြီး | ဖောင်းပြင် | ဦးထွန်းဝေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၇၅၆၈ |
| ၁၆၉။ | စစ်ကိုင်းတိုင်းဒေသကြီး | ခန္တီး | ဦးအောင်သန်းစိန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၉၃၁ |
| ၁၇၀။ | ပဲခူးတိုင်းဒေသကြီး | ထန်းတပင် | ဦးဇော်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၉၃၀၉ |
| ၁၇၁။ | ပဲခူးတိုင်းဒေသကြီး | ပေါက်ခေါင်း | ဒေါ်နီနီဒွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၉၈၀၇ |
| ၁၇၂။ | ပဲခူးတိုင်းဒေသကြီး | သဲကုန်း | ဦးအောင်သန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၂၀၂၃ |
| ၁၇၃။ | ပဲခူးတိုင်းဒေသကြီး | ဇီးကုန်း | ဦးဉာဏ်ထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၂၄၉၅၂ |
| ၁၇၄။ | မကွေးတိုင်းဒေသကြီး | ချောက် | ဦးဘိုကြီး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၇၆၆၅ |
| ၁၇၅။ | မကွေးတိုင်းဒေသကြီး | ပခုက္ကူ | ဦးပိုက်ကို | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၂၀၂၂၀ |
| ၁၇၆။ | မကွေးတိုင်းဒေသကြီး | ပေါက် | ဦးရဲထွန်းဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၂၁၃၉ |
| ၁၇၇။ | မကွေးတိုင်းဒေသကြီး | ဂန့်ဂေါ | ဒေါ်ယဉ်မင်းလှိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၇၆၄၉ |
| ၁၇၈။ | မကွေးတိုင်းဒေသကြီး | ထီးလင်း | ဦးမြတ်လေးဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၉၇၈၆ |
| ၁၇၉။ | မန္တလေးတိုင်းဒေသကြီး | အောင်မြေသာစံ | ဒေါက်တာလှမိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၇၃၇၅ |
| ၁၈၀။ | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာစံ | ဦးမျိုးနိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၁၅၉၃ |
| ၁၈၁။ | မန္တလေးတိုင်းဒေသကြီး | မြစ်သား | ဒေါက်တာ ဦးလင်းလင်းကျော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၅၉၃၇ |
| ၁၈၂။ | မန္တလေးတိုင်းဒေသကြီး | မြင်းခြံ | ဦးသက်လွင်(ခ) ပေါခင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၁၃၆၄၄ |
| ၁၈၃။ | မန္တလေးတိုင်းဒေသကြီး | ငါန်းဇွန် | ဦးမင်းသိန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၆၈၆၃ |
| ၁၈၄။ | မွန်ပြည်နယ် | သထုံ | ဒေါ်မာမာခိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၈၂၈၃ |
| ၁၈၅။ | ရခိုင်ပြည်နယ် | ပုဏ္ဏားကျွန်း | ဦးဦးထွန်းမောင် | ရခိုင်အမျိုးသားပါတီ | ၃၂၄၆၅ |
| ၁၈၆။ | ရခိုင်ပြည်နယ် | ရသေ့တောင် | ဒေါ်ခင်စောဝေ | ရခိုင်အမျိုးသားပါတီ | ၃၈၇၅၁ |
| ၁၈၇။ | ရခိုင်ပြည်နယ် | ကျောက်ဖြူ | ဦးဘရှိန် | ရခိုင်အမျိုးသားပါတီ | ၂၇၁၃၈ |
| ၁၈၈။ | ရခိုင်ပြည်နယ် | သံတွဲ | ဦးမင်းကြည် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၃၅၅၁ |
| ၁၈၉။ | ရန်ကုန်တိုင်းဒေသကြီး | သဃ်န်းကျွန်း | ဦးရွှေလှဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၆၉၇၀ |
| ၁၉၀။ | ရန်ကုန်တိုင်းဒေသကြီး | သန်လျင် | ဦးလွင်ကိုလတ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၀၃၈၀ |

စာမျက်နှာ ၅ သို့

ပြည်တွင်းရေးရာ

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အနိုင်ရအမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် မဲရလဒ်များ

(ယမန်နေ့မှ အဆက်)

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရအမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲ အရေအတွက်စုစုပေါင်း |
|---|---|---|---|---|---|
| ၃၄။ | ကချင်ပြည်နယ် | အမှတ်(၉) | ဦးခင်မောင်မြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၀၈၂၅ |
| ၃၅။ | ကယားပြည်နယ် | အမှတ်(၁) | ဦးဖြေရယ်(ခ) ဦးမြင့်သန်းထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၅၇၆၃ |
| ၃၆။ | ကယားပြည်နယ် | အမှတ်(၂) | ဦးရှေးရယ်ရှုမောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၄၀၈၇ |
| ၃၇။ | ကယားပြည်နယ် | အမှတ်(၅) | ဒေါ်ရှားမူ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၀၉၂ |
| ၃၈။ | ကယားပြည်နယ် | အမှတ်(၆) | ဒေါ်လွီးဇာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၅၇၆ |
| ၃၉။ | ကယားပြည်နယ် | အမှတ်(၁၀) | ဦးစိုင်းသာစိန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၄၅၆ |
| ၄၀။ | ကယားပြည်နယ် | အမှတ်(၁၁) | ဒေါ်နော်မြစေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၅၆၉ |
| ၄၁။ | ကရင်ပြည်နယ် | အမှတ်(၃) | ဦးစောချစ်ဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၀၉၃၅ |
| ၄၂။ | ကရင်ပြည်နယ် | အမှတ်(၄) | ဒေါ်နန်းမိုးမိုးထွေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၁၄၁၄ |
| ၄၃။ | ကရင်ပြည်နယ် | အမှတ်(၇) | ဒေါ်နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၄၆၁၇ |
| ၄၄။ | ကရင်ပြည်နယ် | အမှတ်(၈) | ဦးမန်းဝင်းခိုင်သန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၁၆၅၂ |
| ၄၅။ | ချင်းပြည်နယ် | အမှတ်(၁) | ဦးငွန်ပေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၂၅၇ |
| ၄၆။ | ချင်းပြည်နယ် | အမှတ်(၂) | ဦးရှန်အောရ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၃၆၈ |
| ၄၇။ | ချင်းပြည်နယ် | အမှတ်(၃) | ဦးဟင်နရီဗန်ထီးယူ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၉၃၉၃ |
| ၄၈။ | ချင်းပြည်နယ် | အမှတ်(၈) | ဦးမာန်လောမောင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၀၃၁ |
| ၄၉။ | စစ်ကိုင်းတိုင်းဒေသကြီး | အမှတ်(၁) | ဦးကျော်သောင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၀၉၄၈၆ |
| ၅၀။ | စစ်ကိုင်းတိုင်းဒေသကြီး | အမှတ်(၂) | ဦးအောင်မျိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၀၅၉၉၈ |
| ၅၁။ | စစ်ကိုင်းတိုင်းဒေသကြီး | အမှတ်(၃) | ဦးဝင်းအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၃၆၁၆၇ |
| ၅၂။ | စစ်ကိုင်းတိုင်းဒေသကြီး | အမှတ်(၄) | ဦးလှဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၂၅၄၈၁ |
| ၅၃။ | စစ်ကိုင်းတိုင်းဒေသကြီး | အမှတ်(၅) | ဦးရဲထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၂၇၄၃၇ |
| ၅၄။ | စစ်ကိုင်းတိုင်းဒေသကြီး | အမှတ်(၆) | ဦးဇော်မင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၂၂၂၆၄ |
| ၅၅။ | စစ်ကိုင်းတိုင်းဒေသကြီး | အမှတ်(၇) | ဦးခင်မောင်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၃၉၆၁၈ |
| ၅၆။ | စစ်ကိုင်းတိုင်းဒေသကြီး | အမှတ်(၁၀) | ဦးတင်မောင်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၂၈၈၃ |
| ၅၇။ | ပဲခူးတိုင်းဒေသကြီး | အမှတ်(၁) | ဒေါက်တာစန်းမောင်မောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၅၃၃၈၈ |
| ၅၈။ | ပဲခူးတိုင်းဒေသကြီး | အမှတ်(၂) | ဒေါက်တာမိုးမြင့်အောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၉၂၀၇၅ |
| ၅၉။ | ပဲခူးတိုင်းဒေသကြီး | အမှတ်(၃) | ဒေါ်ရွှေရွှေစိန်လတ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၂၉၀၀၈ |
| ၆၀။ | ပဲခူးတိုင်းဒေသကြီး | အမှတ်(၄) | ဒေါက်တာဦးဝင်းမြတ်အေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၂၁၆၃၇ |
| ၆၁။ | ပဲခူးတိုင်းဒေသကြီး | အမှတ်(၈) | ဒေါက်တာဝင်းမြင့်ချစ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၈၀၃၀၉ |
| ၆၂။ | ပဲခူးတိုင်းဒေသကြီး | အမှတ်(၉) | ဦးအေးချို | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၆၄၂၄၂ |
| ၆၃။ | မကွေးတိုင်းဒေသကြီး | အမှတ်(၆) | ဦးဝင်းမောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၂၅၁၈၁ |
| ၆၄။ | မကွေးတိုင်းဒေသကြီး | အမှတ်(၇) | ဒေါ်သန်းသန်းအေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၂၆၀၀၇ |
| ၆၅။ | မကွေးတိုင်းဒေသကြီး | အမှတ်(၈) | ဦးဝင်းမြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၃၆၀၈၃ |
| ၆၆။ | မကွေးတိုင်းဒေသကြီး | အမှတ်(၉) | ဦးမြမင်းဆွေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၅၆၅၂၉ |
| ၆၇။ | မကွေးတိုင်းဒေသကြီး | အမှတ်(၁၀) | ဒေါက်တာကျော်ငွေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၁၃၆၆ |
| ၆၈။ | မကွေးတိုင်းဒေသကြီး | အမှတ်(၁၁) | ဦးကျော်ဆွေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၃၉၈၄၁ |
| ၆၉။ | မကွေးတိုင်းဒေသကြီး | အမှတ်(၁၂) | ဦးပြုံးလွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၀၈၉၀၅ |
| ၇၀။ | မွန်ပြည်နယ် | အမှတ်(၃) | ဦးခင်ဇော်ဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၁၉၄၂ |
| ၇၁။ | မွန်ပြည်နယ် | အမှတ်(၄) | ဦးလင်းတင်ဌေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၁၆၂၆ |
| ၇၂။ | မွန်ပြည်နယ် | အမှတ်(၁၁) | ဦးလှမြင့်(ခ)ဦးလှမြင့်သန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၀၁၉၂ |
| ၇၃။ | မွန်ပြည်နယ် | အမှတ်(၁၂) | ဒေါ်သီရိရတနာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၄၅၂၇ |
| ၇၄။ | ရှမ်းပြည်နယ် | အမှတ်(၇) | ဦးစိုင်းလုံစံခတ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၆၂၂၉ |
| ၇၅။ | ရှမ်းပြည်နယ် | အမှတ်(၁၁) | ဦးကျော်နီနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၂၅၅ |
| ၇၆။ | ဧရာဝတီတိုင်းဒေသကြီး | အမှတ်(၁) | ဦးစိုးမိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၇၁၃၅၄ |
| ၇၇။ | ဧရာဝတီတိုင်းဒေသကြီး | အမှတ်(၃) | ဦးဆန်းမြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၅၁၁၂၉ |
| ၇၈။ | ဧရာဝတီတိုင်းဒေသကြီး | အမှတ်(၄) | ဦးထိန်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၁၂၅၁၂ |
| ၇၉။ | ဧရာဝတီတိုင်းဒေသကြီး | အမှတ်(၅) | ဦးမောင်မောင်အုန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၇၈၉၅၀ |
| ၈၀။ | ဧရာဝတီတိုင်းဒေသကြီး | အမှတ်(၆) | ဦးမန်းထွန်းကြိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၀၇၈၅ |
| ၈၁။ | ဧရာဝတီတိုင်းဒေသကြီး | အမှတ်(၁၀) | ဦးသိမ်းဆွေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၃၅၅၇၅ |
| ၈၂။ | ဧရာဝတီတိုင်းဒေသကြီး | အမှတ်(၁၁) | ဒေါ်မေသန်းနွဲ့ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၂၀၄၄၇ |
| ၈၃။ | ဧရာဝတီတိုင်းဒေသကြီး | အမှတ်(၁၂) | ဦးကြည်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၄၉၈၆၉ |

စာမျက်နှာ ၄ မှ အဆက်

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲ အရေအတွက်စုစုပေါင်း |
|---|---|---|---|---|---|
| ၁၉၁။ | ရန်ကုန်တိုင်းဒေသကြီး | ခရမ်း | ဒေါက်တာအေးမင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၆၇၉၂ |
| ၁၉၂။ | ရန်ကုန်တိုင်းဒေသကြီး | မရမ်းကုန်း | ဒေါက်တာမေဝင်းမြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၉၇၉၅ |
| ၁၉၃။ | ရှမ်းပြည်နယ် | တောင်ကြီး | ဒေါက်တာဒေါ်သန်းငွေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၅၇၉၉ |
| ၁၉၄။ | ရှမ်းပြည်နယ် | ညောင်ရွှေ | ဦးဝင်းမြင့်ဦး(ခ) ဦးနေမျိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၉၉၆၅ |
| ၁၉၅။ | ရှမ်းပြည်နယ် | ရပ်စောက် | ဦးခင်မောင်မြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၂၆၃၈ |
| ၁၉၆။ | ရှမ်းပြည်နယ် | ဖယ်ခုံ | ဦးဖိုးမောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၀၄၇၅ |
| ၁၉၇။ | ရှမ်းပြည်နယ် | လွိုင်လင် | ဦးခင်မောင်သီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၉၂၅ |
| ၁၉၈။ | ရှမ်းပြည်နယ် | ကွန်ဟိန်း | ဒေါ်နန်းခင်စော | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၇၆၆၁ |
| ၁၉၉။ | ရှမ်းပြည်နယ် | မိုင်းကိုင် | ဦးစိုင်းဆိုင်မိုင်း | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၂၂၃၅ |
| ၂၀၀။ | ရှမ်းပြည်နယ် | မိုးနဲ | ဦးစိုင်းစန်သိန်း | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၉၆၄၂ |
| ၂၀၁။ | ရှမ်းပြည်နယ် | မောက်မယ် | ဦးစိုင်းဝေါင်းဆိုင်ဟိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၅၉၀ |
| ၂၀၂။ | ရှမ်းပြည်နယ် | မိုင်းပန် | ဦးစိုင်းကျော်မိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၄၅၃ |
| ၂၀၃။ | ရှမ်းပြည်နယ် | သိန္နီ | ဦးစိုင်းဦးခမ်း | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၈၄၈၃ |
| ၂၀၄။ | ရှမ်းပြည်နယ် | တန့်ယန်း | ဦးစိုင်းမောင်ပွင့်(ခ) ဦးအောင်ပွင့် | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၉၇၄၉ |
| ၂၀၅။ | ရှမ်းပြည်နယ် | မိုင်းရယ် | ဦးစိုင်းသီဟကျော် | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၄၄၀၂ |
| ၂၀၆။ | ရှမ်းပြည်နယ် | နမ္မတူ | ဒေါ်နန်းခမ်းအေး | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၈၁၈၀ |
| ၂၀၇။ | ရှမ်းပြည်နယ် | မိုးမိတ် | ဦးတိုးသောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၄၆၀၇ |
| ၂၀၈။ | ရှမ်းပြည်နယ် | ကွမ်းလုံ | ဦးယန်ကျင်းကန် | ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ | ၅၀၉၇ |
| ၂၀၉။ | ရှမ်းပြည်နယ် | ကုန်းကြမ်း | ဦးလီကျိန်းဖူ(ခ) မြင့်ဆွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၂၀၆ |
| ၂၁၀။ | ရှမ်းပြည်နယ် | မက်မန်း | ဦးတင်အေး | တစ်သီးပုဂ္ဂလ | ၄၃၀၈ |
| ၂၁၁။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ဦးဝေလှိုင်ထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၉၆၄၂၈ |
| ၂၁၂။ | ဧရာဝတီတိုင်းဒေသကြီး | ငပုတော | ဦးသန်းအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၈၃၄၅ |
| ၂၁၃။ | ဧရာဝတီတိုင်းဒေသကြီး | မြောင်းမြ | ဒေါက်တာစိုးမိုးသူ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၁၁၄၇ |
| ၂၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ဝါးခယ်မ | ဦးဇော်သိန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၇၀၂၀ |
| ၂၁၅။ | ဧရာဝတီတိုင်းဒေသကြီး | လပွတ္တာ | ဒေါက်တာအေးကြူ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၇၁၆၅ |
| ၂၁၆။ | ဧရာဝတီတိုင်းဒေသကြီး | မော်လမြိုင်ကျွန်း | ဦးဝင်းဆွေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၇၀၆၆ |

## မိုးရေချိန်စံချိန်သစ်

**နေပြည်တော် နိုဝင်ဘာ ၁၁**

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ အောက်ဖော်ပြပါ စခန်း၌ နိုဝင်ဘာလ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်ကို တိုင်းထွာရရှိခဲ့သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

| စဉ် | စခန်းအမည် | မိုးရေချိန်စံချိန်သစ် | | မိုးရေချိန်စံချိန်ဟောင်း | | ယခင်စံချိန်ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | မီလီမီတာ | လက်မ | မီလီမီတာ | လက်မ | | |
| ၁။ | သိမ်ဇရပ် | ၁၁၁ | ၄.၃၇ | ၉၇ | ၃.၈၂ | ၁၄.၁၁.၁၉၈၅ | ၅၁ |

# ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှ ရလဒ်များ ဆက်လက်ထုတ်ပြန်ကြေညာ

**နေပြည်တော်  နိုဝင်ဘာ  ၁၁**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှ ရလဒ်များ ထုတ်ပြန်ကြေညာခြင်းကို နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး မီဒီယာစင်တာတွင် ယနေ့နံနက် ၉ နာရီမှ ည ၉ နာရီအထိ ဆက်လက်ထုတ်ပြန်ကြေညာသည်။

ယနေ့ နံနက် ၉ နာရီမှ ည ၉ နာရီအထိ ထုတ်ပြန်ကြေညာချက်များအရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၂၈ ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၅၀ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၁၇၀ ဦးတို့၏ အမည်စာရင်းနှင့် ရလဒ်များကို ထုတ်ပြန်ကြေညာခဲ့သည်။

ထို့ကြောင့် ယနေ့ ည ၉ နာရီအထိ ထုတ်ပြန်ကြေညာခဲ့သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၂၁၆ ဦးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၁၇၉ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ၁၇ ဦး၊ ဗိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ နှစ်ဦး၊ “ဝ”ဒီမိုကရက်တစ်ပါတီမှ တစ်ဦး၊ ကချင်ပြည်နယ် ဒီမိုကရေစီပါတီမှ တစ်ဦးနှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၁၁ ဦး၊ ရခိုင်အမျိုးသားပါတီမှ သုံးဦး၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ တစ်ဦး၊ တစ်သီးပုဂ္ဂလမှ တစ်ဦးတို့ဖြစ်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၈၃ ဦးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၇၇ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ လေးဦး၊ ဗိုမီးဒီမိုကရေစီပါတီမှ တစ်ဦး၊ တစ်သီးပုဂ္ဂလမှ တစ်ဦးတို့ဖြစ်ကြောင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း ၃၂၈ ဦးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၂၈၀ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ၃၀ ဦး၊ ဗိုမီးဒီမိုကရေစီပါတီမှ နှစ်ဦး၊ “ဝ”ဒီမိုကရက်တစ်ပါတီမှ နှစ်ဦး၊ ကချင်ဒီမိုကရေစီပါတီမှ သုံးဦး၊ မွန်အမျိုးသားပါတီမှ တစ်ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ရှစ်ဦး၊ ကရင်ပြည်သူ့ပါတီမှ တစ်ဦးနှင့် စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက) မှ တစ်ဦးတို့ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အနိုင်ရတိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် မဲရလဒ်များ

**(ယမန်နေ့မှအဆက်)**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရတိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲအရေ အတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၂၁၃။ | ကချင်ပြည်နယ် | မချမ်းဘော (၁) | ဦးရားဝမ်ဂျုံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၀၉၅ |
| ၂၁၄။ | ကချင်ပြည်နယ် | မချမ်းဘော (၂) | ဦးဆွမ်ဒူနော်အောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၇၀၆ |
| ၂၁၅။ | ကယားပြည်နယ် | မယ်စဲ့ (၁) | ဦးအောင်နိုင်ဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၅၅ |
| ၂၁၆။ | ကယားပြည်နယ် | မယ်စဲ့ (၂) | ဦးအယ်လ်ဖောင်းရှို | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၂၅ |
| ၂၁၇။ | ချင်းပြည်နယ် | ထန်တလန်(၁) | ဦးဗန်ထောင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၄၇၄၄ |
| ၂၁၈။ | ချင်းပြည်နယ် | ထန်တလန်(၂) | ဒေါက်တာမှုထန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၄၉၆၉ |
| ၂၁၉။ | စစ်ကိုင်းတိုင်းဒေသကြီး | မြောင် (၁) | ဒေါ်အေးမြတ်မွန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၂၉၅၃ |
| ၂၂၀။ | စစ်ကိုင်းတိုင်းဒေသကြီး | မြောင် (၂) | ဒေါက်တာကျော်နိုင်ထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၆၀၂၃ |
| ၂၂၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ဝက်လက် (၁) | ဦးမောင်မောင်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၀၀၅၈ |
| ၂၂၂။ | စစ်ကိုင်းတိုင်းဒေသကြီး | ဝက်လက် (၂) | ဦးစိုးဝင်းထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၆၃၉၉ |
| ၂၂၃။ | စစ်ကိုင်းတိုင်းဒေသကြီး | မုံရွာ (၁) | ဒေါ်အမာကြည် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၁၃၅၉ |
| ၂၂၄။ | စစ်ကိုင်းတိုင်းဒေသကြီး | မုံရွာ (၂) | ဒေါ်အောင်ကြည် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၆၁၄၆ |
| ၂၂၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ချောင်းဦး (၁) | ဦးဝင်းမြင့်(ခ)ဦးဝင်းမြင့်ခင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၂၉၀၇ |
| ၂၂၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ချောင်းဦး (၂) | ဦးကျော်ဆန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၁၃၅၈ |
| ၂၂၇။ | စစ်ကိုင်းတိုင်းဒေသကြီး | ကနီ (၁) | ဦးရွှေဌေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၇၇၄၅ |
| ၂၂၈။ | စစ်ကိုင်းတိုင်းဒေသကြီး | ကနီ (၂) | ဦးထွန်းထွန်းဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၀၄၅၉ |
| ၂၂၉။ | မကွေးတိုင်းဒေသကြီး | ပွင့်ဖြူ (၁) | ဒေါက်တာအောင်မိုးညို | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၄၀၆၉ |
| ၂၃၀။ | မကွေးတိုင်းဒေသကြီး | ပွင့်ဖြူ (၂) | ဦးတင့်ဆန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၇၄၁၃ |
| ၂၃၁။ | မကွေးတိုင်းဒေသကြီး | စေတုတ္တရာ (၁) | ဒေါ်ညိုညိုဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၂၉၉ |
| ၂၃၂။ | မကွေးတိုင်းဒေသကြီး | စေတုတ္တရာ (၂) | ဦးထွန်းထွန်းဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၅၁၃ |
| ၂၃၃။ | မကွေးတိုင်းဒေသကြီး | ရေစကြို (၁) | ဦးတင်သောင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၂၄၆၈ |
| ၂၃၄။ | မကွေးတိုင်းဒေသကြီး | ရေစကြို (၂) | ဦးမင်းဟန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၈၅၉၀ |
| ၂၃၅။ | မကွေးတိုင်းဒေသကြီး | မြိုင် (၁) | ဦးသက်နိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၇၄၅၆ |
| ၂၃၆။ | မကွေးတိုင်းဒေသကြီး | မြိုင် (၂) | ဦးဝင်းဌေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၇၃၆၅ |
| ၂၃၇။ | မန္တလေးတိုင်းဒေသကြီး | ပြင်ဦးလွင် (၁) | ဦးအောင်မင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၅၅၄၆ |
| ၂၃၈။ | မန္တလေးတိုင်းဒေသကြီး | ပြင်ဦးလွင် (၂) | ဒေါက်တာခင်မောင်ဌေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၃၁၅၃ |
| ၂၃၉။ | မန္တလေးတိုင်းဒေသကြီး | မြစ်သား (၁) | ဦးမင်းအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၄၈၇၅ |
| ၂၄၀။ | မန္တလေးတိုင်းဒေသကြီး | မြစ်သား (၂) | ဒေါ်သင်းမြမြသင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၂၈၅၆ |
| ၂၄၁။ | မန္တလေးတိုင်းဒေသကြီး | နွားထိုးကြီး (၁) | ဒေါ်ငြိမ်းသက်နွယ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၂၀၇၂ |
| ၂၄၂။ | မန္တလေးတိုင်းဒေသကြီး | နွားထိုးကြီး (၂) | ဦးစိန်ကျော်မိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၇၂၄၁ |
| ၂၄၃။ | မန္တလေးတိုင်းဒေသကြီး | ပျော်ဘွယ် (၁) | ဦးတင်စိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၄၅၅၂၁ |
| ၂၄၄။ | မန္တလေးတိုင်းဒေသကြီး | ပျော်ဘွယ် (၂) | ဦးမြင့်စိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၃၉၁၂၈ |
| ၂၄၅။ | မွန်ပြည်နယ် | ကျိုက်ထို (၁) | ဦးဝဏ္ဏကျော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၈၈၄၃ |
| ၂၄၆။ | မွန်ပြည်နယ် | ကျိုက်ထို (၂) | ဒေါက်တာအေးဇံ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၁၁၁၂ |
| ၂၄၇။ | ရန်ကုန်တိုင်းဒေသကြီး | တိုက်ကြီး (၁) | ဦးတင်ရှိန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၄၁၄၈ |
| ၂၄၈။ | ရန်ကုန်တိုင်းဒေသကြီး | တိုက်ကြီး (၂) | ဦးလွင်စိုးမင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၁၈၂၉ |
| ၂၄၉။ | ရန်ကုန်တိုင်းဒေသကြီး | တောင်ဥက္ကလာပ (၁) | ဒေါ်သစ်သစ်မြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၂၁၀၂ |
| ၂၅၀။ | ရန်ကုန်တိုင်းဒေသကြီး | တောင်ဥက္ကလာပ (၂) | ဦးမိုးမြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၄၃၀၃ |
| ၂၅၁။ | ရန်ကုန်တိုင်းဒေသကြီး | ဒဂုံမြို့သစ် (မြောက်ပိုင်း) (၁) | ဦးတင်ထွန်းနိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၆၂၇၉ |
| ၂၅၂။ | ရန်ကုန်တိုင်းဒေသကြီး | ဒဂုံမြို့သစ် (မြောက်ပိုင်း) (၂) | ဦးနိုင်ဇော်လင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၇၀၆၄ |
| ၂၅၃။ | ရန်ကုန်တိုင်းဒေသကြီး | ဒဂုံမြို့သစ် (တောင်ပိုင်း) (၁) | ဦးညီညီ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၄၈၇၇ |
| ၂၅၄။ | ရန်ကုန်တိုင်းဒေသကြီး | ဒဂုံမြို့သစ် (တောင်ပိုင်း) (၂) | ဦးသိန်းနိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၆၅၇၈ |
| ၂၅၅။ | ရန်ကုန်တိုင်းဒေသကြီး | ကျောက်တန်း (၁) | ဦးဇော်မိုးလွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၆၃၉၅ |
| ၂၅၆။ | ရန်ကုန်တိုင်းဒေသကြီး | ကျောက်တန်း (၂) | ဒေါ်သက်သက်မူ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၀၀၆၈ |
| ၂၅၇။ | ရန်ကုန်တိုင်းဒေသကြီး | တွံတေး (၁) | ဒေါက်တာကျော်ဇင်ဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၃၃၆၂ |
| ၂၅၈။ | ရန်ကုန်တိုင်းဒေသကြီး | တွံတေး (၂) | ဦးနေနိုင်ဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၅၇၇၆ |
| ၂၅၉။ | ရန်ကုန်တိုင်းဒေသကြီး | ကော့မှူး (၁) | ဒေါ်သန္တာအေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၇၁၇၇ |
| ၂၆၀။ | ရန်ကုန်တိုင်းဒေသကြီး | ကော့မှူး (၂) | ဦးဇော်မင်းအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၃၅၁၁ |
### ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
### ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် ၂၂ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




### ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
### ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ် ၃၅ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




### ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
### စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ် ၃၄ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




### ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
### မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ် ၅၀ မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




### ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
### တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ် ၄ ခုမှတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




### ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
### ရှမ်းပြည်နယ်မဲဆန္ဒနယ် ၂၈ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




**ရှင်းလင်းချက်**

NLD = အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
USDP = ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
SNLD = ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
WDP = “ဝ” ဒီမိုကရက်တစ်ပါတီ
CUP = Counting Under Process (ရေတွက်ဆဲ)

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ကချင်ပြည်နယ်မဲဆန္ဒနယ် ၁၄ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ကယားပြည်နယ်မဲဆန္ဒနယ် ၁၄ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ကရင်ပြည်နယ်မဲဆန္ဒနယ် ၆ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ချင်းပြည်နယ်မဲဆန္ဒနယ် ၁၀ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
မွန်ပြည်နယ်မဲဆန္ဒနယ် ၁၀ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




**ရှင်းလင်းချက်**

KSDP = ကချင်ပြည်နယ် ဒီမိုကရေစီပါတီ
KPP = ကရင်ပြည်သူ့ပါတီ
MNP = မွန်အမျိုးသားပါတီ
ZCD = ဇိုမီး ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
CUP = Counting Under Process (ရေတွက်ဆဲ)
NLD = အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
UDPKS = စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက)
USDP = ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
SNLD = ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ

**မှတ်ချက်။ ။ ၁၁-၁၁-၂၀၁၅ ရက်နေ့ ည ၉ နာရီအထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်သောရလဒ်များ ဖြစ်ပါသည်။**

## ရလဒ်ပေါင်းချုပ်
## (၁၁-၁၁-၂၀၁၅ ရက်နေ့ ည ၉ နာရီအထိ)

| ပါတီတံဆိပ် | အနိုင်ရပါတီအမည် | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် |
|---|---|---|---|---|
| | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၇၉ ဦး | ၇၇ ဦး | ၂၈၀ ဦး |
| | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၇ ဦး | ၄ ဦး | ၃၀ ဦး |
| | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ် | ၂ ဦး | ၁ ဦး | ၂ ဦး |
| | "ဝ"ဒီမိုကရက်တစ်ပါတီ | ၁ ဦး | - | ၂ ဦး |
| | ကချင်ပြည်နယ်ဒီမိုကရေစီပါတီ | ၁ ဦး | - | ၃ ဦး |
| | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် | ၁၁ ဦး | - | ၈ ဦး |
| | ကရင်ပြည်သူ့ပါတီ | - | - | ၁ ဦး |

| ပါတီတံဆိပ် | အနိုင်ရပါတီအမည် | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် |
|---|---|---|---|---|
| | မွန်အမျိုးသားပါတီ | - | - | ၁ ဦး |
| | တစ်သီးပုဂ္ဂလ | ၁ ဦး | ၁ ဦး | - |
| | ရခိုင်အမျိုးသားပါတီ | ၃ ဦး | - | - |
| | ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ | ၁ ဦး | - | - |
| | စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ၊ ကချင်ပြည်နယ်(စဒက) | - | - | ၁ ဦး |
| | **စုစုပေါင်း** | **၂၁၆ ဦး** | **၈၃ ဦး** | **၃၂၈ ဦး** |

❑❑❑

### ❖ ချင်းပြည်နယ်မှ





အင်ကြင်းခန်းမ၌ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**(ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ် နှစ်ခုတို့တွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၃၀ ရက်အထိ တိုင်းဒေသကြီး ခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင် လည်းကောင်း၊ ပုံမှန်မဟုတ်သည့် မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး ဒေသခံပြည်သူများ သဘာဝဘေးအန္တရာယ်များနှင့်ကြုံတွေ့ခဲ့ရပြီး ဒုက္ခရောက်ခဲ့ကြရပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်နှင့် ချင်းပြည်နယ် ဟားခါးမြို့နယ်တို့သည် သဘာဝဘေးဒဏ်ကို အဆိုးရွားဆုံး ခံစားခဲ့ကြရပါကြောင်း။

ချင်းပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သည့် မြေပြိုမှုနှင့် တောင်ပြိုမှုတို့ကြောင့် အိမ်ခြေ ၁၁၀၀ ကျော် ပြိုကျပျက်စီးခဲ့ပြီး ဒေသခံပြည်သူ ၁၄၉၀၀ခန့် သဘာဝဘေးသင့်ခဲ့ပါကြောင်း၊ ဟားခါးမြို့တွင်ဖြစ်ပျက်ခဲ့သည့် မြေပြိုခြင်း၏ အဓိကအကြောင်းအရင်းမှာ ရက်သတ္တပတ် တစ်ပတ်အတွင်း တစ်နှစ်ပတ်လုံး မိုးရေချိန်၏ ထက်ဝက်ခန့်ရှိသည့် မိုးရေချိန် လက်မ ၃၀ကျော်ရွာသွန်းခြင်းကြောင့် အဓိကဖြစ်သည်ဟု သိရှိရပါကြောင်း၊ မှတ်တမ်းများအရ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်နှင့်အတူ မြန်မာနိုင်ငံတွင် မြေပြိုမှုသဘာဝဘေးအန္တရာယ်ပိုမိုများပြားလာခဲ့ကြောင်း၊ ကယားပြည်နယ်တွင်လည်း မြေပြိုမှုဖြစ်ရပ်များ ပေါ်ပေါက်ခဲ့ပြီး အသေအပျောက်များရှိခဲ့ကြောင်း၊ ဩဂုတ်လအတွင်း အဆက်မပြတ် သည်းထန်စွာရွာသွန်းခဲ့သည့်မိုးကြောင့် ချင်းပြည်နယ် တွန်းဇံမြို့နယ် ဟားခါးလေးကျေးရွာအထက်ပိုင်းရှိ တောင်ပေါ်ရေကန်ကျိုးပေါက်ပြီး ကျဆင်းခဲ့သည့် ရွှံ့ညွန်၊ အမှိုက်သရိုက်နှင့် ဒိုက်များပါဝင်သော တောင်ကျချောင်းရေကြောင့် ဟားခါးလေးကျေးရွာမှ အိမ်ခြေ ၅၉ လုံး ရေစီးဖြင့်မျောပါခဲ့ရပါကြောင်း၊ တောင်ပြိုမြေပြိုမှုများဖြစ်ပွားရာမှ စီးဆင်းမျောပါလာသည့် ရွှံ့ညွန်မြေကြီးများနှင့် အမှိုက်သရိုက်များသည် တောင်ကျရေစီးကြောင်းများကို ပိတ်ဆို့ပြီး မြေပြိုဆည် (Landslide Dam) (သို့မဟုတ်) သဘာဝတောင်ပြိုရေကန်များ ပေါ်ပေါက်လာခြင်းသည် နောက်ဆက်တွဲဖြေရှင်းရမည့် ပြဿနာတစ်ရပ်ဖြစ်လာပါကြောင်း၊ သဘာဝတောင်ပြိုရေကန် (သို့မဟုတ်)မြေပြိုဆည်များဖြစ်စေသော အချက်များမှာ မိုးသည်းထန်စွာရွာသွန်းခြင်း၊ နှင်းခဲပြိုကွဲခြင်းနှင့် ငလျင်လှုပ်ခြင်းတို့ကြောင့်ဟု လေ့လာသိရှိရပါကြောင်း၊ မြေပြိုဆည်များ ဖြစ်ပေါ်မှုသည် တောင်ကုန်းတောင်တန်းထူထပ်သောဒေသများတွင် အခါအားလျော်စွာ ကြုံတွေ့ရသည့်သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပါကြောင်း၊ မြေပြိုဆည်များကြောင့် ဖြစ်လာနိုင်ခြေရှိသည့်ကိစ္စရပ်များကိုကိုင်တွယ်ဖြေရှင်းနိုင်ရန် ကြိုတင်ပြင်ဆင်မှုနှင့် ကာကွယ်မှုလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် မဖြစ်မနေလိုအပ်မည်ဖြစ်ပါကြောင်း။

သဘာဝဘေးအန္တရာယ်များကို တားဆီးကာကွယ်ရန် မဖြစ်နိုင်သော်လည်း ကြိုတင်ပြင်ဆင်မှုဖြင့် အကောင်းဆုံးတုံ့ပြန်နိုင်စွမ်းရှိရမည်ဖြစ်ပါကြောင်း၊ ယေဘုယျအားဖြင့် မြေပြိုဆည်များ ပြဿနာကို ကိုင်တွယ်ဖြေရှင်းရာတွင် ပိုပြင်သည့်အစီအမံများ ချမှတ်နိုင်ရန် မြေပြိုဆည်ဖြစ်တည်မှုဖြစ်စဉ် (Formation Process)၊ ပြန်လည်ကျိုးပေါက်နိုင်မှုအခြေအနေ (Failure Mechanism)နှင့်ဖြစ်ပေါ်လာခဲ့လျှင် ဘေးအန္တရာယ်လျော့နည်းသက်သာစေရေး ဆောင်ရွက်ရမည့်နည်းလမ်းများ(Risk Mitigation Techniques) ဆိုသည့် အချက်(၃)ခုကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဘာသာရပ်နယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူပညာရှင်များအားလုံးက ဝိုင်းဝန်းသုံးသပ်ဆွေးနွေးဖော်ထုတ်ရရှိလာသည့် မြေပြိုဆည်များ၏ ပကတိအခြေအနေ၊ ဘေးအန္တရာယ်ဖြစ်ပေါ်လာနိုင်သည့်အခြေအနေ၊ မဖြစ်ပေါ်မီ ကြိုတင်ပြင်ဆင်ကာကွယ်ဆောင်ရွက်ရန်လိုအပ်သည့်လုပ်ငန်းများ၊ ဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့် အစီအစဉ်များကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ပြန်လည်တင်ပြမည်ဖြစ်ပါကြောင်း၊ ယခုဆွေးနွေးပွဲမှဖြစ်ပေါ်နေသည့် မြေပြိုဆည်ကြိုတင်ကာကွယ်ရေးလုပ်ငန်း စီမံချက်တစ်ရပ်ရေးဆွဲနိုင်လိမ့်မည်ဟုလည်း အလေးအနက်ယုံကြည်ပါကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သစ်တောတက္ကသိုလ် ပါမောက္ခချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အစိုးရဌာနများမှ ကိုယ်စားလှယ်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ အရာရှိကြီးများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ ပညာရှင်များ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သတင်းမီဒီယာများမှပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ယနေ့ ဆွေးနွေးပွဲတွင် ချင်းပြည်နယ်တွင်ဖြစ်ပေါ်ခဲ့သော မြေပြိုဆည်များနှင့် ဘေးအန္တရာယ်ဖြစ်ပေါ်နိုင်မှုအခြေအနေများကို သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး(ငြိမ်း) ဦးမောင်မောင်သန်းကလည်းကောင်း၊ မြေပြိုဆည်များဖြစ်ပေါ်လာမှုအပေါ် အရေးယူဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကောင်းမြတ်အောင်ကလည်းကောင်း ဦးဆောင်ဆွေးနွေးခဲ့သည်။

အလားတူ ချင်းပြည်နယ်တွင် လွန်ခဲ့သည့် ၁၀ နှစ်အတွင်း သစ်တောဖုံးလွှမ်းမှု အနေအထားပြောင်းလဲခြင်းနှင့် ဦးစီးပေးဆောင်ရွက်မည့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို သစ်တောဦးစီးဌာန၊ စီမံကိန်းနှင့် စာရင်းအင်းဌာနမှ တာဝန်ရှိသူတစ်ဦးကလည်းကောင်း၊ ရာသီဥတု ပြောင်းလဲမှုနှင့် ချင်းပြည်နယ်အပါအဝင် တောင်တန်းဒေသများတွင် သဘာဝဘေးအန္တရာယ် ကျရောက်နိုင်မှုအခြေအနေအပေါ် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကလည်းကောင်း၊ ချင်းပြည်နယ်တွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုပြဿနာနှင့် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်မှုများအပေါ် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက လည်းကောင်း၊ ချင်းပြည်နယ်ရှိ မြေပြိုရေကန်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်သင့်သည့်လုပ်ငန်းများအပေါ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ဆွေးနွေးပွဲတွင် တက်ရောက်သူအားလုံးပါဝင်ကာ အုပ်စုလိုက်ဆွေးနွေးမှုများကိုလည်း ပြုလုပ်ခဲ့ကြသည်။

**(သတင်းစဉ်)**

### ❒ ရွေးကောက်ပွဲအပြီးမှ

ရွေးကောက်ပွဲအပြီးမှ လာရောက်မယ့် ဧည့်သည်တွေများနေပါတယ်။ တချို့ဧည့်သည်တွေဆိုရင် ဘိုကင်တွေဖြတ်လိုက်တာတွေ ရှိပါတယ်။ နိုဝင်ဘာ ၈ ရက်နောက်ပိုင်းမှ အခြေအနေကြည့်ပြီး လာမယ့်သူတွေရှိနေတဲ့အတွက် အခုဆိုရင် ရွေးကောက်ပွဲကလည်း အောင်အောင်မြင်မြင်နဲ့ အေးအေးချမ်းချမ်း ပြီးသွားတာကြောင့်လည်း အရင်မျှော်မှန်းထားသလိုပဲ ရွေးကောက်ပွဲနောက်ပိုင်းမှာ ခရီးသွားဧည့်သည်များလာမယ်လို့ မျှော်မှန်းထားပါတယ်။ ကျွန်တော်တို့အတွက် အဓိက မျှော်မှန်းရမယ့်ကာလက နိုဝင်ဘာ၊ ဒီဇင်ဘာနဲ့လာမယ့် မတ်၊ ဧပြီအထိပါပဲ။ အောက်တိုဘာလမှာကတော့ ဧည့်သည်က အရင်နှစ်တွေကထက် အတော်ကိုလျော့နည်းခဲ့ပါတယ်”ဟု ပုဂံညောင်ဦးမြို့ ခရီးသွားလုပ်ငန်းကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံသို့ နိုင်ငံခြားသားခရီးသွားဧည့်သည် လာရောက်လည်ပတ်မှုမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာခဲ့ပြီး ၂၀၁၀ ပြည့်နှစ် အစိုးရသစ် လက်ထက်၊ ပြုပြင်ပြောင်းလဲမှုများစွာ ပြုလုပ်ခဲ့ပြီးနောက်ပိုင်းတွင် သိသိသာသာ တိုးတက်များပြားလာခဲ့သည်ဟု သိရသည်။ ယခင်က ကန့်သတ်ထားခဲ့သော ခရီးစဉ်များကိုပါ လုံခြုံရေးအခြေအနေအရ သွားရောက်ခွင့်ပြုခဲ့ရာတွင် ကယားပြည်နယ်ခရီးစဉ်သို့လည်း စိတ်ဝင်တစား သွားရောက်လည်ပတ်သူ များပြားလာခဲ့သည်။ သို့သော် ၂၀၁၅ အထွေထွေရွေးကောက်ပွဲကြီးရှိသည့်အတွက် နိုင်ငံရေးအခြေအနေများကို စောင့်ကြည့်သူများပြားပြီး ရွေးကောက်ပွဲအလွန်ကာလမှသာ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် စီစဉ်ထားမှုများ များပြားကြောင်း ခရီးသွားလုပ်ငန်းရှင်များထံမှ သိရသည်။



ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့တွင် ကမ္ဘာလှည့်ခရီးသည်များ လာရောက်လေ့လာကြစဉ်။

မြန်မာနိုင်ငံ၏ ခရီးသွားဆွဲဆောင်ရာဒေသများအနက် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ အများဆုံး လာရောက်လည်ပတ်လေ့လာသော ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ နိုင်ငံခြားသားခရီးသွားဧည့်သည်လာရောက်မှုမှာ ယခုနှစ် စက်တင်ဘာလကုန်အထိ စာရင်းများအရ နိုင်ငံခြားသားခရီးသွားဧည့်သည် တစ်သိန်းကျော်အထိ လာရောက်မှုရှိခဲ့ပြီး ၂၀၁၄ ခုနှစ် တစ်နှစ်တာကာလအတွင်း နိုင်ငံခြားသားဧည့်သည်လာရောက်မှုမှာ နှစ်သိန်း ကျော်အထိ ရှိခဲ့သည်ဟု သိရသည်။ ရွေးကောက်ပွဲကာလမတိုင်မီ ဧည့်သည်လာရောက်မှု လျော့နည်းခဲ့သော်လည်း နိုဝင်ဘာလဆန်းပိုင်းနောက်ပိုင်းတွင် ပြည်ပဧည့်သည်များ လာရောက်မှုမှာ ယခင်နှစ်ကထက် တိုးတက်မြင့်မားလာနိုင်သည်ဟု ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပုဂံညောင်ဦးရုံးခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“အခု အောင်အောင်မြင်မြင် ကျင်းပပြီးသွားတဲ့ ရွေးကောက်ပွဲကြီးကြောင့် ရွေးကောက်ပွဲနောက်ပိုင်း ခရီးသွားဧည့်သည်လာရောက်မှုက မနှစ်ကထက် ပိုများလာမယ်လို့ ထင်ပါတယ်။ ရွေးကောက်ပွဲမတိုင်မီက ခရီးစဉ်တွေ ရွှေ့ဆိုင်းတာတွေရှိခဲ့ပေမယ့် အခုအေးအေးချမ်းချမ်းနဲ့ ရွေးကောက်ပွဲကြီး ကျင်းပနိုင်ခဲ့ တာကို နိုင်ငံတကာကလည်း အသိအမှတ်ပြုခဲ့တဲ့အတွက် နိုင်ငံတကာဧည့်သည်တွေဟာ မနှစ်ကထက် ပိုမိုလာရောက်လည်ပတ်မယ်လို့ မျှော်မှန်းထားပါတယ်။ ခရီးသွားကဏ္ဍသာမကပါဘူး ကျန်တဲ့ကဏ္ဍတွေမှာလည်း ပိုကောင်းလာမယ်လို့ မျှော်မှန်းထားပါတယ်” ဟု ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအခြေစိုက် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားမြှင့်တင်ရေး စီမံချက်များရေးဆွဲကာ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် မြန်မာနိုင်ငံရှိယဉ်ကျေးမှုနှင့် ခရီးသွားကဏ္ဍဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသအုပ်ချုပ်ရေးများနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့အပါအဝင် ဟိုတယ်များ၊ စားသောက်ဆိုင်များနှင့် ဒေသခံများ ပူးပေါင်းပါဝင်လှုပ်ရှားသော စီမံချက်များစွာဖြင့် ခရီးသွားကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်များ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ဝင်ရောက်လာရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာ ၂၀၁၄ ခုနှစ် ခရီးသွားဧည့်သည် သုံးသန်း ဝင်ရောက်ရန် မျှော်မှန်းထားခဲ့ပြီး မျှော်မှန်းချက်ကို ကျော်လွန်နိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် နိုင်ငံခြားသား ခရီးသွားဧည့်သည် ၄ ဒသမ ၅ သန်း ဝင်ရောက်မည်ဟု မျှော်မှန်းထားပြီး လက်ရှိအချိန်ထိ ခရီးသွားဧည့်သည် လာရောက်မှု လျော့နည်းလျက်ရှိသော်လည်း နိုဝင်ဘာလ ၈ ရက်တွင် ရွေးကောက်ပွဲ အေးချမ်းအောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ပြုပြင်ပြောင်းလဲရေးများ ပြုလုပ်နိုင်ခဲ့ခြင်းကြောင့် မူလမျှော်မှန်းခဲ့သည့်ခရီးသွားဧည့်သည်ပမာဏကို ရောက်ရှိလာနိုင်ကြောင်း ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများနှင့် ဟိုတယ်လုပ်ငန်းရှင်များက မျှော်မှန်းလျက်ရှိကြောင်း သိရသည်။

**(ဝဝ၁)**

### ● ပီအက်စ်ဂျီမှ

လက်ရှိတွင် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းတွင်ကစားလျက်ရှိပြီး ပီအက်စ်ဂျီအသင်းနှင့်အတူ အချိန်ပြည့်ထိပ်တန်းဂိုးသွင်းရှင်အဖြစ် မှတ်တမ်းဝင်ခဲ့သူဖြစ်သည့်အပြင် ပီအက်စ်ဂျီအသင်းတွင် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ခြင်းကြောင့် ပြင်သစ်ပထမတန်းပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကိုလည်း ဆွတ်ခူးထားနိုင်ခဲ့သည်။

အသက်(၃၄)နှစ်အရွယ်ရှိ တိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် ကစားသမားဘဝကို ၁၉၉၉ ခုနှစ်တွင် စတင်ခဲ့ပြီး ဆွီဒင်နိုင်ငံလက်ရွေးစင်အသင်းအတွက် ပွဲပေါင်း ၁၀၉ ပွဲ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၅၉ ဂိုးအထိ စံချိန်တင်သွင်းယူပေးထားပြီးလည်းဖြစ်သည်။ **(ငွေကြယ်)**

ပြည်တွင်းရေးရာ

# ပြည်သူ့အကျိုး မျှော်ကိုးထမ်းရွက် အိုအက်စ်အက်စ်

ကို(ပုသိမ်)

မြတ်ဗုဒ္ဓရှင်တော်မြတ်က လူဖြစ်ရခြင်းသည် အတ္တအတွက်မဟုတ် လောကအတွက်ဖြစ်သည်ဟု မိန့်တော်မူခဲ့သည်။ လူဟုဆိုရာတွင်အမှန်ကိုမသိသူ၊ အမှားကိုအမှန်ထင်သူ၊ အမှန်ကိုသိနိုင်သူဟူ၍ မတူကွဲပြားစွာရှိနိုင်ကြပါသည်။ လောကအတွက်ဆောင်ရွက်နေကြသူ လူသားတိုင်းကိုတော့ အမှန်ကိုသိနိုင်သူများဟု ယုံကြည်အားကိုး တန်ဖိုးထားကြပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရာတွင် ရေရှည်အတွက် အခြေခံအုတ်မြစ်ခိုင်မာအောင် ချမှတ်သည့်အပိုင်းနှင့် ပြည်သူတို့၏လူမှုစီးပွား ဦးစားပေးလိုအပ်ချက်များကို ချက်ချင်းဆောင်ရွက်ပေးရမည့်အပိုင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပေသည်။

မည်သည့်အလုပ်မဆို တစ်ဦးချင်းစွမ်းဆောင်ရည်ကောင်းဖို့ စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုအရေးကြီးလှပေသည်။ ဘဝကိုယ်စီတိုးတက်ဖို့ အလှကိုယ်စီရှိကြဖို့လိုအပ်ပေသည်။ လူသားတို့၏ထာဝရအလှမှာစိတ်ထားကောင်း စိတ်ထားမြတ်ဖြစ်ပါသည်။ မှောင်နေတာပဲလို့ ဆဲရေးမြည်တွန်နေခြင်းထက် ကိုယ်တိုင်ဖယောင်းတိုင်တစ်တိုင်ထွန်းညှိပေးဖို့ကောင်းသည်လို့ မိန့်ကြားခဲ့သော ရှေးပညာရှိကြီးတစ်ဦးကို အစဉ်ဦးညွှတ်မိပါသည်။

၁၇-၈-၂၀၁၅(တနင်္လာ)နေ့က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးကို ပြည်သူ့အကျိုးထမ်းရွက်သယ်ပိုးနိုင်ဖို့ရည်မှန်း ဖွင့်လှစ်နိုင်ခဲ့ပါပြီ။ One Stop Shop (OSS)ရုံးထူထောင်ဖွင့်လှစ် အကောင်အထည်ဖော်ပေးခြင်းဖြစ်ပေသည်။

ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်ရခြင်း၏ မြတ်မွန်သော ရည်ရွယ်ချက်များမှာ-

(က) ပြည်သူတို့၏ အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေမည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန်၊

(ခ) လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများကို တားမြစ်၍ ထိရောက်သောဝန်ဆောင်မှု အလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးနိုင်ရန်၊

(ဂ) ပြည်သူများက အစိုးရနှင့်ဌာနဆိုင်ရာ ဝန်ထမ်းများအပေါ် အားကိုးယုံကြည်မှု တိုးပွားလာစေရန်၊

(ဃ) တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၊ ဦးစီးဌာနများအလိုက် အပြန်အလှန် ထိန်းကျောင်းနိုင်ရေး အထောက်အကူပြုနိုင်ရန်တို့ ဖြစ်ကြောင်း သိရှိမှတ်သားရပါသည်။

ခရိုင်မြို့များမှစတင်၍ ပြည်သူများသို့ ဝန်ဆောင်မှုများ ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ အကြောင်းကြားလာမှုအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ကြခြင်းပင်ဖြစ်သည်။ နေရာဒေသ အချိန်ကာလအပေါ်မူတည်ပြီး ပြည်သူ့လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်သွားကြပါမည်။

ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ပြည်သူ့ဝန်ဆောင်မှုရုံး(OSS) ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်နိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၏အားပေးကူညီမှုဖြင့် လုပ်ငန်းကော်မတီဖွဲ့စည်းထားရှိပြီး ပြည်ပလေ့လာရေးခရီးစဉ်သွားရောက်လေ့လာမှုအပေါ် တာဝန်ရှိသူအသီးသီးအား အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးချပြရှင်းလင်းပြီးဖြစ်ရာ ယခုအခါ ခရိုင်ရုံးစိုက်ရာ မြို့ ၆ မြို့တွင် ပြည်သူ့ဝန်ဆောင်မှုရုံး(မြို့နယ်) တစ်ရုံးစီ ဖွင့်လှစ်ထားရှိပြီးဖြစ်သည်။

ပုသိမ်မြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးကို ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအောက်ထပ် အကျယ်အဝန်း(၃၉ ဒသမ ၁၀× ၃၉ ဒသမ ၁၀)ပေရှိ ခန်းမဆောင်တွင် ဖွင့်လှစ်ထားရှိပါသည်။

မြို့နယ်အဆင့် ဌာန ၁၀ ခုဖြင့်ဖွဲ့စည်းထားရှိသည့် ပုသိမ်မြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့တို့ပါဝင်ပြီး ပြည်သူတို့၏ သားသမီးများဖြစ်ကြသည့် ပြည်သူ့ဝန်ထမ်းများက ပြည်သူ့ဝန်ကို ထမ်းရွက်လျက်ရှိကြပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် မြို့ပြငှားရမ်းခကြီးကြပ်ရေး၊ ဘိလိယက်ခုံလိုင်စင်၊ ပွဲမိန့်၊ မြေငှားဂရန်၊ မြေပေးမိန့်၊ ယစ်မျိုးလိုင်စင်၊ အခွန်လေးမျိုးကောက်ခံခြင်း၊ မြင်းကောင်ရေ နှစ်ဆယ်အောက် စက်တပ်ရေယာဉ်မှတ်ပုံတင်ခြင်း၊ သဘာဝဘေးအန္တရာယ်ကိစ္စသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ထမ်းရွက်သွားမည်ဖြစ်ပါသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် ပုံစံ(၁၀၅)ရေးကူးခွင့်၊ မြို့မြေငှားဂရန်လျှောက်ထားခြင်း၊ မြို့မြေအမည်ပြောင်းခြင်း၊ စာချုပ်စာတမ်း မှတ်ပုံတင်ခြင်း၊ မြေလွတ်မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေး နည်းဥပဒေ ၃၀ အရ ကျေးလက်တောင်သူလယ်သမားများနှင့် မိသားစုတစ်နိုင်တစ်ပိုင်စိုက်ပျိုးလုပ်ကိုင်သူများ ဧက ၂၀ ထက်မပိုသော လျှောက်ထားခြင်း၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများလျှောက်ထားခြင်း၊ မြေယာတိုင်စာများ ဖြေရှင်းခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနအနေဖြင့် ဖွားသေမှတ်ပုံတင်ခြင်း၊ ကျန်းမာရေးထောက်ခံချက်၊ အစားအသောက်ထုတ်လုပ်မှုထောက်ခံချက်လိုင်စင်၊ အစားအသောက်စစ်ဆေးခြင်း၊ တိုင်းရင်းဆေးပညာအခြေခံသင်တန်းပို့ချခြင်း၊ ပညာပေးဟောပြောခြင်း၊ ကွင်းဆင်းကုသခြင်း၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်း၊ မှတ်ပုံတင်လိုင်စင်ကိစ္စတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနအနေဖြင့် ပြောင်းဝင်မှုပုံစံ ၆၁/၁၊ ပြောင်းထွက်မှုပုံစံ ၆၁/၂ မှတ်တမ်းတင်ခြင်း၊ အိမ်ထောင်စုစာရင်းထုတ်ပေးခြင်း၊ ပုံစံ (၁၀) ထုတ်ပေးခြင်း၊ မွေးဖွားမှုပုံစံ ၆၁/၃ မှတ်တမ်းတင်ခြင်း၊ အိမ်ထောင်စုစာရင်း ထည့်သွင်းခြင်း၊ သေဆုံးမှုပုံစံ ၆၁/၄ မှတ်တမ်းတင်ခြင်း၊ အိမ်ထောင်စုစာရင်းပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့တွင်းသန့်ရှင်းရေး၊ မြို့တွင်းမိလ္လာ၊ မီးလင်းရေး၊ မုန့်ဖို၊ စားသောက်ဆိုင် သက်တမ်းတိုးလိုင်စင်၊ အန္တရာယ်ရှိလုပ်ငန်းများ သက်တမ်းတိုးလိုင်စင်၊ အငှားယာဉ်ပိုင်ရှင်နှင့် အငှားယာဉ်နင်းသားလိုင်စင်၊ တည်းခိုခန်း၊ ဘော်ဒါဆောင်ဖွင့်လှစ်/သက်တမ်းတိုးခြင်း၊ မော်တော်ယာဉ်၊ ဆိုင်ကယ်၊ ဆိုက်ကားဘီးခွန်ပေးဆောင်ခြင်း၊ စီးပွားရေးကြော်ငြာဆိုင်းဘုတ်၊ မြို့တော်ခန်းမငှားရမ်းခြင်း၊ သားသတ် လိုင်စင်တို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

မြို့နယ်အခွန်များဦးစီးဌာနအနေဖြင့် ကောက်ခံလျက်ရှိသော အခွန်အရပ်ရပ်အကြောင်း အသိပေးရှင်းလင်းခြင်း၊ အခွန်ထမ်းများ၏ မကျေလည်မှု၊ တိုင်ကြားမှု၊ အကြံပြုမှုများကို ရှင်းလင်းပြောကြားခြင်း၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက သိရှိလိုသော အခွန်သတင်းအချက်အလက်များကို ကူညီပေးခြင်း၊ အခွန်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ အမိန့်၊ ညွှန်ကြားချက်များကို ဖြန့်ဖြူးပေးခြင်း၊ အခါအားလျော်စွာထုတ်ပြန် သောအမိန့်ကြော်ငြာစာများကို Website,facebook တို့တွင် လွှင့်တင်ခြင်းတို့ကို ဆောင်ရွက်ပေးရန်ဖြစ်သည်။

> လူတို့သည် များသောအားဖြင့် မိမိဆန္ဒနှင့်ကိုက်ညီသူကို "လူကောင်း"၊ မိမိဆန္ဒနှင့်ဆန့်ကျင်သူကို "လူဆိုး" ဟု သတ်မှတ်လေ့ရှိရာ ပြည်သူ့ဝန်ဆောင်မှုရုံးတွင် တာဝန်ထမ်းဆောင်ကြမည့်ဝန်ထမ်းများအနေဖြင့် ပြည်သူတို့၏ ချစ်ခြင်း၊ မုန်းခြင်းကို ရဲရဲဝံ့ဝံ့ခံယူနိုင်ကြရပါမည်။ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းကြားမှာ တည်တည်ငြိမ်ငြိမ် ရပ်တည်နိုင်ကြရပါမည်။ ကြည်ဖြူခြင်း၊ မကြည်ဖြူခြင်းတို့ကို အပြုံးနှင့်တုံ့ပြန်နိုင်ဖို့ အထူးလိုအပ် . . .

မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် အိမ်သုံးမီတာလျှောက်ထားခြင်း၊ လုပ်ငန်းသုံး၊ အိမ်သုံးပါဝါမီတာ၊ ကိုယ်ပိုင်ထရန်စဖော်မာများဆောင်ရွက်ပေးခြင်း၊ ကျေးရွာမီးလင်းရေး၊ အရေးပေါ်မီးပျက်/ မီးပြင်ခြင်း၊ ထရန်စဖော်မာများ ရုတ်တရက်ပျက်စီးပါက ဖြေရှင်းဆောင်ရွက်ခြင်း၊ တိုင်ကြားစာ၊ သိလိုသည့်ကိစ္စများ ဖြေရှင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် အင်း၊ လယ်ယာမြေအငြင်းပွားမှု၊ အင်းလုပ်ငန်းရှင်နှင့်ရေလုပ်သားအငြင်းပွားမှု၊ အင်းချောင်း၊ အင်းချောင်းတွင်းရေလမ်းကြောင်းကိစ္စ၊ အင်းတင်ဒါကိစ္စ၊ အင်းနယ်နိမိတ် သတ်မှတ်ခြင်း၊ ဆည်ချရက်၊ ဆည်ရက်ပြောင်းမှုကိစ္စ၊ ဘုံစားအင်း၊ ဘေးမဲ့အင်း၊ သုတေသနအင်းကိစ္စ၊ အဆောက်အအုံတင်ဒါ၊ တိုင်ကြားစာကိစ္စတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

မြို့နယ်ရဲတပ်ဖွဲ့အနေဖြင့် ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်ပေးခြင်း၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ ပြည်သူလူထု၏ သတင်းပို့တင်ပြလာမှုအား သက်ဆိုင်ရာရဲစခန်း၊ ရဲကင်းများနှင့် ချိတ်ဆက်၍ အမှုမှန်ပေါ်ပေါက်ရေး၊ တရားခံဖမ်းဆီးရမိရေးဆောင်ရွက်ခြင်း၊ ပြည်သူ့လုံခြုံရေးအကူအညီတောင်းခံလာပါက ကူညီပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

မြို့နယ်မီးသတ်တပ်ဖွဲ့အနေဖြင့် အဆောက်အအုံများ ဆောက်လုပ်ခွင့် စစ်ဆေးချက်ထုတ်ပေးခြင်း၊ စက်သုံးဆီ သိုလှောင်ရောင်းချခွင့် လိုင်စင်ရရှိရေးထောက်ခံချက်ပေးခြင်း၊ လုပ်ငန်းလိုင်စင်အသစ်လျှောက်ထားခြင်း၊ သက်တမ်းတိုးထောက်ခံချက်ထုတ်ပေးခြင်းတို့ကိုဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ဤကဲ့သို့ ပြည်သူ့ဝန်ဆောင်မှုပေးသည့် ဌာနဆိုင်ရာများက ပြည်သူ့လိုအပ်ချက်များကို တစ်နေ့တည်း၌ပင် တစ်ပြိုင်တည်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်းဖြင့် စိတ်ကြည်နူးချမ်းမြေ့ခြင်း၊ ဝန်ထုပ်ဝန်ပိုး လျော့ပါးခြင်း၊ တိုတောင်းသည့်ကာလအတွင်းပေးသွင်းရန်ရှိသော အခွန်နှုန်းထားမှအပ အပိုငွေကြေးပေးဆောင်ရန်မလိုဘဲ ငွေကြေးသက်သာစွာဖြင့် လုပ်ငန်းကိစ္စအဝဝ ဆောင်ရွက်နိုင်ခြင်းတို့ကို ယုံကြည်အားကိုးစွာဆောင်ရွက်ပေးမည် ဖြစ်ပေသည်။

လူတို့သည် များသောအားဖြင့် မိမိဆန္ဒနှင့်ကိုက်ညီသူကို "လူကောင်း"၊ မိမိဆန္ဒနှင့်ဆန့်ကျင်သူကို "လူဆိုး" ဟု သတ်မှတ်လေ့ရှိရာ ပြည်သူ့ဝန်ဆောင်မှုရုံးတွင် တာဝန်ထမ်းဆောင်ကြမည့်ဝန်ထမ်းများအနေဖြင့် ပြည်သူတို့၏ ချစ်ခြင်း၊ မုန်းခြင်းကို ရဲရဲဝံ့ဝံ့ခံယူနိုင်ကြရပါမည်။ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းကြားမှာ တည်တည်ငြိမ်ငြိမ် ရပ်တည်နိုင်ကြရပါမည်။ ကြည်ဖြူခြင်း၊ မကြည်ဖြူခြင်းတို့ကို အပြုံးနှင့်တုံ့ပြန်နိုင်ဖို့ အထူးလိုအပ်လှပါသည်။

အလိုမကျမှု ဒေါသ၊ အလိုကျမှု လောဘ၊ အမှန်မသိမှု မောဟတို့ကို ထိန်းကျောင်းပဲ့ပြင်ပြီး ပြည်သူ့လိုအပ်ချက် ဖြည့်ဆည်းဆောင်ရွက်ကြရပေမည်။ ပြည်သူအားလုံး မတူကွဲပြားမှုတွေအပေါ် အခြေခံ၍ ပြည်သူ့လိုအပ်ချက်အပေါ် အလေးထားဖြည့်ဆည်းပေးလိုသော ရည်ရွယ်ချက်ပန်းတိုင်ကို အစဉ်တစိုက်တန်ဖိုးထားကြရပေမည်။ လူတစ်ကိုယ်စိတ်တစ်မျိုးဆိုသည့်အတိုင်း အမေးခံရသူများက စိတ်ရှည်လက်ရှည်နားလည်သည်းခံ ဖြေရှင်းဆောင်ရွက်ပေးဖို့လိုအပ်လှပါသည်။

မိမိလုပ်သောအလုပ်သည် မိမိကိုရောင်ပြန်ဟပ်တတ်ပါသည်။ အလုပ်ကိုပေ့ါပေ့ါဆဆလုပ်ခြင်း၊ ဝတ်ကျေတန်းကျေမျှသာလုပ်ချင်းထက် အကောင်းဆုံးဖြစ်အောင်လုပ်ဆောင်ကြဖို့ လိုအပ်ပါသည်။ ပေ့ါပေ့ါဆဆလုပ်ဆောင်ခြင်းသည် တဖြည်းဖြည်း ဆုတ်ယုတ်ခြင်းသဘောကိုဆောင်ပြီး အလေးအနက် ကြိုးစားအားထုတ်လုပ်ဆောင်ခြင်းကသာ တိုးတက်ခြင်း အရှိန်အဟုန်ကိုရရှိနိုင်ပါသည်။ အကောင်းဆုံးလုပ်ဆောင်ခြင်းက အကျိုးစီးပွား တိုးပွားနိုင်ပြီး အကျိုးကျေးဇူးများ ပွားများရရှိနိုင်မည်ဖြစ်ပါသည်။ တာဝန်ပေးအပ်သူ၊ တာဝန်လက်ခံသူတို့သည် အပြန်အလှန် ထိန်းကျောင်းပြီး သဟဇာတ ညီညွတ်မျှတစွာဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို တစိုက်မတ်မတ်ထမ်းရွက်နိုင်ကြပါစေကြောင်း မွန်မြတ်သောစိတ်ထားဖြင့် လေးစားစွာ ဆန္ဒပြုအပ်ပါသည်။ ။

## တစ်လုံးထိုးအင်ဂျင်ပြုပြင်ရေးသင်တန်း မြစ်ကြီးနား၌ဖွင့်

**မြစ်ကြီးနား နိုဝင်ဘာ ၁၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်တွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် ဆင်းရဲမှုလျှော့ချနိုင်ရန် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးလျက်ရှိသည်။

ဆက်လက်၍လည်း တစ်လုံးထိုး အင်ဂျင်ပြုပြင်ရေးသင်တန်းကို နိုဝင်ဘာလကုန်ပိုင်းအထိ သင်တန်းသား ၄၀ဖြင့် တစ်လကြာ ဖွင့်လှစ်ဆဲဖြစ်ကြောင်း မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နိုင်ငံတော်အစိုးရ၏ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ယခင်လများက အခြေခံ အပ်ချုပ်စက်သင်တန်း၊ အခြေခံ ဆိုင်ကယ်ပြုပြင်ရေးသင်တန်း၊ လက်သမား၊ ပန်းရန်သင်တန်းနှင့် မြန်မာ့ ရိုးရာမုန့်မျိုးစုံ ပြုလုပ်နည်း သင်တန်းများကို အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ကြောင်းသိရသည်။

ထိုသို့ သင်တန်းများဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းကြောင့် အဆိုပါ သင်တန်းတက်ရောက်ကြသူများသည် လက်တွေ့နယ်ပယ်တွင် မိသားစုဝင်ငွေတိုးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်ခွင့်ရရှိနေကြပြီဖြစ်ကြောင်း သိရသည်။ (၄၉၉)


### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဘားအံမြို့အမှတ်(၇)ရပ်ကွက် မန်းဝင်းမောင်လမ်း အိမ်အမှတ်(၇/၁၈၄)နေ ဒေါ်ကင်ဟိန်[၃/ဘအန(နိုင်) ၁၀၉၆၂၀] ၏သား မောင်တင်မောင်ထွန်း[၃/ဘအန(နိုင်) ၁၁၇၈၄၅]သည် မိခင်၏ဆိုဆုံးမမှုကို နားမထောင်သည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်ဇင်းနှင့် ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

**ဒေါ်ကင်ဟိန်**

သင့်သွေးဖြင့် အသက်ကယ်ပါ

# ရွေးကောက်ပွဲကာလအတွင်း လုပ်သားများနားရက်ယူခြင်းကြောင့် အလုပ်ရုံများ ပိတ်ထားရ


ဓာတ်ပုံ- အင်တာနက်

**ရန်ကုန် နိုဝင်ဘာ ၁၁**

ယခုကျင်းပသည့် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား မြန်မာတစ်နိုင်ငံလုံးရှိ ပြည်သူများမှ စိတ်ဝင်စားမှုများ၍ ယခုရက်ပိုင်းများတွင် နေ့စားလုပ်သားများ နားရက်ယူကြခြင်းကြောင့် အသေးစားလုပ်ငန်းရှင်များက အလုပ်ရုံများပိတ်ထားရကြောင်း ပြောသည်။

ရွေးကောက်ပွဲမကျင်းပခင်ရက်ပိုင်းအလိုများမှ စတင်၍ လုပ်သားများက နားရက်ယူကြပြီး မဲပေးရက်ကျော်လွန်လာသော်လည်း ယင်းလုပ်သားများမှာ လုပ်ငန်းခွင်အတွင်းသို့ ဝင်ရောက်နိုင်ခြင်းမရှိသေးဘဲ ရွေးကောက်ပွဲရလဒ်များကို စိတ်ဝင်စားမှုများရှိနေသေး၍ လုပ်ငန်းခွင်သို့ မဝင်ရောက်နိုင်ခြင်းကြောင့် အလုပ်ရုံများပိတ်ထားရကြောင်း သိရသည်။

ပွင့်လင်းရာသီကာလသို့ ရောက်ရှိနေသော ယခုလများတွင် လုပ်ငန်းများမှာ အရောင်းအဝယ် ပြန်လည်ဦးမော့လာသည့်ကာလဖြစ်သောကြောင့် လုပ်ငန်းရှင်တိုင်းမှာ မိမိတို့၏ ထုတ်ကုန်ပစ္စည်းရောင်းချနိုင်ရေး၊ ထုတ်ကုန်တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းရသောကာလဖြစ်ကြောင်း လုပ်ငန်းရှင်များကပြောသည်။

"ကျွန်မတို့က အိမ်သုံးပလတ်စတစ်လုပ်ငန်းဆိုတော့ ပွင့်လင်းရာသီရောက်တာနဲ့ အရောင်းအဝယ်ဖြစ်ကြတယ်။ အလုပ်က လက်မလယ်အောင် လုပ်နေရတယ်။ ခုက ရွေးကောက်ပွဲရက်ပိုင်းအတွင်းသာ အဝယ်အော်ဒါတွေ အေးနေသေးတာ။ ရွေးကောက်ပွဲကာလပြီးလို့ အခြေအနေတွေငြိမ်သွားရင် အဝယ်အော်ဒါတွေ တအားကျလာမှာ။ အဲဒီကျရင် လုပ်ငန်းတူတွေရှိတော့ အပြိုင်အဆိုင်ရောင်းရမယ်။ ကိုယ့်မှာ ကြိုလုပ်ထားတော့ သူများတွေထက် ကိုယ့်ပစ္စည်းပိုရောင်းရမယ်။ အဲဒီတွက်ကြောင့် ဒီရက်ပိုင်းတွေမှာ ပစ္စည်းတွေကြိုတင်လုပ်ထားဖို့လိုတယ်။ ဒါကြောင့် အလုပ်သမားတွေကို ဂရုစိုက်လုပ်ဖို့ပြောဖို့နေနေသာသာ သူတို့က ရွေးကောက်ပွဲကို စိတ်ဝင်စားပြီး အလုပ်မလုပ်နိုင်ဘဲ ဖြစ်နေကြတယ်။

"သူတို့က နေ့စားဆိုပေမယ့် သူတို့ကိုအားကိုးပြီး လုပ်နေရတာ။ ဒီရက်ပိုင်းအတွက်နဲ့လည်း တခြားအလုပ်သမားတွေ မခေါ်ချင်ဘူးလေ။ မတတ်နိုင်တော့လည်း အလုပ်ရုံပိတ်ပြီး နေနေရပါတယ်။ ရွေးကောက်ပွဲကာလလွန်မှပဲ အလုပ်တွေလည်း အေးအေးဆေးဆေး လုပ်လို့ရတော့မှာပါ"ဟု ရန်ကုန်မြို့တွင်းရှိ အိမ်သုံးပလတ်စတစ်ပစ္စည်းလုပ်သည့် လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ရန်ကုန်မြို့တွင်းရှိ စတိုးဆိုင်တစ်ဆိုင်မှ ဆိုင်ရှင်တစ်ဦးက "အရောင်းစာရေးတွေကော စာရေးမတွေပါ အလုပ်သာလာကြတာ စိတ်တွေက အဲဒီရွေးကောက်ပွဲရလဒ်တွေပဲ စိတ်ဝင်စားနေတယ်။ အလုပ်ပိတ်ရက်မပေးတော့ သူတို့မနားရဘူးလေ။ ကျွန်တော်တို့လည်း ခွင့်လွှတ်ပေးထားရတယ်။ ငါးနှစ်မှာမှ တစ်ကြိမ်ကြုံရတာဆိုတော့ ဒီရက်ပိုင်း ဘာမှမပြောသေးဘူး။ နောက်ပိုင်းတွေပြန်ပြီး စည်းကမ်းတင်းကျပ်သွားမှာပါ"ဟု ပြောပြသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အများပြည်သူများမှာ ယခုကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်အား စိတ်ဝင်စားမှုများကာ စိတ်အားထက်သန်နေကြပြီး ရန်ကုန်မြို့ကြီးနှင့် မန္တလေးမြို့ကြီးများတွင် ရွေးကောက်ပွဲရလဒ်အား ကြေညာပေးနေသည့် အယ်အီးဒီဘုတ်ကြီးများတွင် နေ့ရောညပါ ထောင်သောင်းမက လူထုကြီးက တစ်ခဲနက်အားပေးကြည့်ရှုနေကြသည်ကို တွေ့ရသည်။

**တေဇာနွယ်**

## ရှေးဟောင်းအဓိဋ္ဌာန်အောင်လိုတရသပိတ်ကြီးကို ကျောက်တော်ကြီးဘုရား၌ ထိန်းသိမ်းထားရှိ

**မန္တလေး နိုဝင်ဘာ ၁၁**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိမဟာသကျမာရဇိန်ကျောက်တော်ကြီး ဘုရားတွင် ဘဝရှင်မင်းတုန်းမင်းတရားကြီးလှူဒါန်းထားသော ရှေးဟောင်းသမိုင်းဝင် အဓိဋ္ဌာန်အောင်လိုတရကျောက်သပိတ်တော်ကြီးအား ပျက်စီးယိုယွင်းမှုမရှိစေရေးအတွက် ရှေးမူမပျက်မူလနေရာကျောက်တော်ကြီးဘုရား အရှေ့မုဒ်အဝင်ဂန္ဓကုဋိကျောင်းတော်ကြီး၏ အရှေ့တောင်ဘက်တွင်ဂေါပကအဖွဲ့က အမိုးအကာများတည်ဆောက် ထိန်းသိမ်းထားကြောင်းတွေ့ရှိရသည်။

ရှေးဟောင်းသမိုင်းဝင် အဓိဋ္ဌာန်အောင်လိုတရကျောက်သပိတ်တော်ကြီးမှာအဝအကျယ် (အပြင်နှုတ်ခမ်းမှ)ငါးပေနှစ်လက်မ၊ အဝအကျယ်(အတွင်းနှုတ်ခမ်းမှ)လေးပေ ငါးလက်မ၊ အမြင့်သုံးပေရှစ်လက်မ၊ လုံးပတ်(အလယ်မှ)၂၁ ပေလေးလက်မ၊ အတွင်းအကျယ် ၁၅ ပေငါးလက်မ၊ အတွင်းစောက်အနက် နှစ်ပေခုနှစ်လက်မရှိပြီးစကျင်ကျောက်သားဖြူဖြင့် လက်ရာမြောက်စွာထုလုပ်ထားကြောင်း သိရသည်။

အဆိုပါရှေးဟောင်းသမိုင်းဝင် အဓိဋ္ဌာန်အောင်လိုတရကျောက်သပိတ်တော်ကြီးကို အနယ်နယ်အရပ်ရပ်မှဘုရားဖူးများက ယုံကြည်စွာလာရောက်သူများလာရောက်ကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## အာဆီယံ၏တစ်ခုတည်းသောလေကြောင်းဘုံဈေးကွက် အစည်းအဝေးကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၁**

အာဆီယံ၏ တစ်ခုတည်းသောလေကြောင်းဘုံဈေးကွက် (လေကြောင်းထိန်းသိမ်းကွပ်ကဲရေးဆိုင်ရာ) ASEAN Single Aviation (ASAM) on Air Traffic Management အစည်းအဝေးကို ရန်ကုန်မြို့ Chatriun Hotel ၌ နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး (ပူးတွဲ) ဦးမင်းလွင်နှင့် Mr.Ana Maria Pena Segura Attache(Cooperation) EU Delegation to Thailand တို့တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ယင်းအစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ ဧည့်သည်များ၊ လေကြောင်းအာဏာပိုင်အဖွဲ့အစည်းများ၊ လေကြောင်းလမ်းညွှန်ကွပ်ကဲရေးအတွက် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ၊ EASA Euxocontrol၊ EU နိုင်ငံများမှ Experts များ အပါအဝင် စုစုပေါင်း ၇၀ ကျော် တက်ရောက်ကြသည်။

ယင်းအစည်းအဝေးကို နိုဝင်ဘာ ၁၀ ရက်မှ ၁၁ ရက်အထိ နှစ်ရက်ကြာကျင်းပခဲ့ပြီး ponel discussion လေးခုဖြင့် ဆွေးနွေးခဲ့ကြပြီး လေကြောင်းသုံးစွဲသူများနှင့် ကမ္ဘာ့အမြင်ရှုထောင့်၊ လေကြောင်းဥပဒေပြုရေးအဖွဲ့အစည်းများ၏ တုံ့ပြန်ဆောင်ရွက်ထားရှိမှု၊ အာဆီယံ၏ တစ်ခုတည်းသော လေကြောင်းဘုံဈေးကွက်ကြောင့် တိုးတက်လာမည့် လေကြောင်းပမာဏအား လေဆိပ်များမှ လက်ခံဆောင်ရွက်နိုင်မှု၊ လေကြောင်းပိုမိုဘေးကင်းလုံခြုံရေး၊ ဒေသလုံးဆိုင်ရာ လေကြောင်းပူးပေါင်းဆောင်ရွက်မှု၊ လေကြောင်းဘေးကင်းလုံခြုံစွာဖြင့် တိုးတက်လာမှုအခြေအနေအား ထိန်းသိမ်းခြင်းများနှင့်ပတ်သက်၍ အဓိကထား ဆွေးနွေးခဲ့ကြသည်။

**တင်မောင်(ပို့ဆောင်ရေး)**

## နှစ် (၆၀) ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ပြခန်းများ၊ ကုန်စည်ပြပွဲများပြသ



**ဘားအံ နိုဝင်ဘာ ၁၁**

နှစ်စဉ်မပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည့် ကရင်တိုင်းရင်းသားတို့၏ နေ့ထူးနေ့မြတ်တစ်နေ့ဖြစ်သော နှစ် ၆၀ ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ပြခန်းများနှင့် ပျော်ပွဲရွှင်ပွဲမှုခ်ဦးကို နိုဝင်ဘာ ၁၀ ရက် နံနက် ၈ နာရီက ကရင်ပြည်နယ် ခေတ္တပြည်နယ်ဝန်ကြီးချုပ် ဦးစောဝင်းထိန်၊ ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်း၊ ကရင်ပြည်နယ်တရားလွှတ်တော်တရားသူကြီး ဦးသိန်းကိုကို၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကျော်ဝင်းမောင်၊ ပြည်နယ်ဥပဒေပြုရေးဆိုင်ကော်မတီဥက္ကဋ္ဌ ဦးစောအောင်ပွင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မုခ်ဦးဖွင့်ပွဲသို့တက်ရောက်လာသော ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကရင်ရိုးရာယဉ်ကျေးမှုဒိုးအကအဖွဲ့များ၊ တိုင်းရင်းသားပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက ငြိမ်းချမ်းရေးပြခန်း၊ ကရင်စာပေနှင့်ယဉ်ကျေးမှုပြခန်း အစရှိသည့် ဌာနဆိုင်ရာပြခန်းများအား လှည့်လည်ကြည့်ရှု အားပေးကြသည်။

ဆက်လက်ပြီး ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ကုန်စည်ပြပွဲအား ခေတ္တပြည်နယ်ဝန်ကြီးချုပ် ဦးစောဝင်းထိန်၊ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်း၊ ဒုတိယ ဥက္ကဋ္ဌ ဦးမန်းလှမြိုင်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဦးသံဒိုင်၊ Tin Ko KoBusiness Group Co.,Ltd မန်နေဂျင်း ဒါရိုက်တာ ဦးတင်ကိုကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ရန်ကုန်မြို့မှ ကုမ္ပဏီ ၂၂ ခု ပူးပေါင်း၍ ဆိုင်ခန်းပေါင်း ၁၈၆ ခန်းဖြင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး စတိုးပစ္စည်းအမျိုးမျိုး၊ အလှကုန်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်များ၊ စားသောက်ကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းအမျိုးမျိုး ခင်းကျင်းပြသခဲ့သည်။

ကရင်ပြည်နယ်နေ့ပွဲတော်ကို အနယ်နယ်အရပ်ရပ်မှ ဈေးသည်များက ကုန်ပစ္စည်းမျိုးစုံ လာရောက်ရောင်းချကြပြီး တေးဂီတဖျော်ဖြေပွဲများ၊ မြန်မာ-ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးများ၊ ဇာတ်သဘင်ပွဲများ၊ ရိုးရာခြင်းလုံးသရုပ်ပြဖျော်ဖြေပွဲများ၊ ရိုးရာယဉ်ကျေးမှု ဒိုးယိမ်းအကပြိုင်ပွဲများ၊ ကုန်စည်ပြပွဲနှင့် အခြားပျော်ပွဲရွှင်ပွဲများဖြင့် နိုဝင်ဘာ ၁၀ ရက်မှ ၁၄ ရက်ထိ ငါးရက်တိုင်တိုင် နေ့ညမပြတ် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

၁၂-၁၁-၂၀၁၅

### (၄၃)နှစ်ပြည့် မင်္ဂလာခရီးမှတ်တမ်း

❖ အချစ်အကြင်နာနှင့်
သစ္စာတရားတွေ နှောင်ချည်လို့
ကြည်နူးဖွယ် ဘဝလမ်းမှာ
လှမ်းခဲ့ကြသည်။
❖ ကိုယ့်လူမျိုး ကိုယ့်သာသနာ
ကိုယ့်ဘာသာ ကိုယ့်တန်ဖိုးတွေနှင့်
ကိုယ့်ပြည်ရွာ
ကိုယ့်နိုင်ငံအကျိုးတွေကိုလည်း
ယှဉ်တွဲကာ မခိုမကပ်စတမ်းပါပဲ
ထမ်းခဲ့ကြသည်။
❖ အမိ အဖ မောင်နှမများတွေနှင့်
မိတ်ပေါင်းဆွေသဟာ-
ဆွေမျိုးညာတကာတို့
မေတ္တာ ကရုဏာ မုဒိတာတွေ
လှိုင်ဝေကြတာကြောင့်
အေးမြခဲ့ပါသည်
ကြည်စင်တဲ့ဘဝများ။
❖ အတိတ်ခရီးကို ပြန်ကာ ငေးမိတော့
လေးဆယ့်သုံးဆိုတာ
အတော်ကြာခဲ့ပြီပဲ
အလိမ္မာ သားတွေ သမီးတွေနှင့်
ချစ်မြေးတွေပွားစီးခဲ့ပါရဲ့
ရှေ့ဆက်ခါ ဘဝခရီးမှာလည်း
တို့ပြည် တို့ရွာ တို့သာသနာ
တာဝန်ကျေဖို့
တို့တတွေ တူယှဉ်တွဲလို့ရယ်
နွဲ့ကြစို့လား။ ။

အေးမြင့်ကြူ+ခင်ဆွေမြင့်

## ကျီကုန်းကျေးရွာ ရေဘေးသင့်ပြည်သူများအတွက် ရွာသစ်ဖော်ထုတ်ရန် လမ်းအူကြောင်း ဖောက်လုပ်မှုအရှိန်မြှင့်တင်

**ကလေး နိုဝင်ဘာ ၁၁**

ကလေးမြို့နယ် ကျီကုန်းကျေးရွာ ရေဘေးသင့်ပြည်သူများ၏ ပျက်စီးသွားသောလူနေအိမ်များအစား လူနေအိမ် ၆၅ လုံးဆောက်လုပ်ရန် လျာထားရာမှ ယခုအခါ ဆည်မြောင်းဦးစီးဌာနက စက်ယန္တရားကြီးများအသုံးပြုကာ ကျေးရွာသစ်ဖော်ထုတ်ခြင်းနှင့် ရွာသစ်လမ်းအူကြောင်းဖောက်လုပ်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသတွင် ပြီးခဲ့သည့် ဇူလိုင်လနှင့် ဩဂုတ်လတို့က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချောင်းရေ၊ မြောင်းရေများ လျှံတက်ကာ ကလေးမြို့နယ်အတွင်း၌ လယ်ယာမြေ၊ အိုးအိမ်နှင့် အခြားကြီးမားသော ပျက်စီးဆုံးရှုံးမှုများ ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး နိုင်ငံတော်၏ စေတနာ၊ စေတနာရှင်များနှင့် လူမှုကူညီရေးအသင်းအဖွဲ့အစည်းများ၏ ထောက်ပံ့မှုများဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ ရေဘေးသင့်များအတွက် လူနေအိမ် ၃၅၈ လုံး ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ဂျိုးနက်**

## ရှေးဟောင်းပစ္စည်းဟုယူဆရသည့် ငွေအိုးတစ်လုံး လယ်ကန်သင်းမှ တွေ့ရှိ

**တောင်တွင်းကြီး နိုဝင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် တရုပ်ကောအုပ်စု သဖန်းကုန်းကျေးရွာ ကွင်းအမှတ် (၂၆၃၁) တောင်သူဦးသန်းထွန်းပိုင်ဆိုင်သည့် လယ်ကန်သင်းမှ ရေများပေါက်ကျနေသဖြင့်သံရွှန်းပြားဖြင့်တူးပြီး ပိတ်ရာမှ နိုဝင်ဘာ ၉ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ငွေအိုးတစ်လုံး တူးဖော်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါငွေအိုးထဲတွင် ငွေပြားဆိုဒ်စုံ ၃၂၉ ပြား အလေးချိန် ငါးပိဿာခန့်ပါရှိပြီး လယ်ပိုင်ရှင် ဦးသန်းထွန်းနှင့် ဇနီးဒေါ်သန်းငွေးတို့မှ ရှေးဟောင်းသုတေသနဦးစီးဌာနသို့ ဆက်သွယ်အကြောင်းကြားထားကြောင်း သိရသည်။

အဆိုပါ ရှေးဟောင်းပစ္စည်းဟုယူဆရသည့် ငွေအိုးတွေ့ရှိသည့်နေရာနှင့် ပစ္စည်းများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၁၀ ရက် နံနက် ၁၁ နာရီခွဲခန့်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**(၅၈၀)**

## လယ်ယာသုံးစက်ကိရိယာများ မောင်းနှင်ပြင်ဆင်မှုသင်တန်းဖွင့်

**ဝက်လက် နိုဝင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၏ ထောက်ပံ့မှုဖြင့် ဝက်လက်မြို့နယ် သမဝါယမဦးစီးဌာနမှ စက်မှုလယ်ယာဦးစီးဌာနနှင့် ပူးပေါင်း၍ လက်တွန်းထွန်စက်နှင့် လယ်ယာသုံးစက်များမောင်းနှင်ပြင်ဆင်မှုသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီက အသင်းစုရုံး၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် ဒေါ်ဆွေဆွေသန့်က အမှာစကားပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးမင်းနိုင်က သင်ကြားပေးမည့် စက်ပြင်၊ စက်မောင်း လုပ်ငန်းအခြေအနေများကို ပြောကြားခဲ့သည်။

သမဝါယမဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အသေးစားအရင်းအနှီးချေးငွေအဖြစ် Exim Bank ချေးငွေများကို အသင်းသားများအား ချေးပေးခဲ့သည့်အပြင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရာတွင် တောင်သူတိုင်း စက်ပစ္စည်းများကို ဝယ်ယူအသုံးပြုနိုင်ရေးအတွက် စက်များအရစ်ကျစနစ်ဖြင့် ဝယ်ယူရရှိရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုလည်း ယင်းစက်ပစ္စည်းများကို ကိုင်တွယ်အသုံးပြုရာတွင် အဆင်ပြေစေရေးအတွက် မောင်းနှင်ပြင်ဆင်နည်းသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ယင်းအခမ်းအနားတွင် ပြောသည်။

အဆိုပါသင်တန်းကို ဝက်လက်မြို့ အမှတ် ၆၁ စက်မှုလယ်ယာစခန်းတွင် ရက်သတ္တပတ်ကြာဖွင့်လှစ်မည်ဖြစ်ပြီး မြို့နယ်အတွင်းရှိ ကျေးရွာများမှ တောင်သူသင်တန်းသား ၂၅ ဦး တက်ရောက်ကြကာ သင်တန်းတွင် ထွန်စက်ကြီး၊ လက်တွန်းထွန်စက်၊ ရိပ်သိမ်းစက်နှင့် ရေစုပ်စက်များ မောင်းနှင်ကိုင်တွယ်နည်း၊ ပြင်ဆင်နည်းများကို စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **နန်းမြင့်(ဝက်လက်)**



## ဂန့်ဂေါမြို့နယ် ပျားကျေးရွာတွင် စောင့်လေမျိုးနွယ် ဓမ္မစကူးသင်တန်းဖွင့်

**ဂန့်ဂေါ နိုဝင်ဘာ ၁၁**

ဂန့်ဂေါမြို့နယ် ပျားကျေးရွာတွင် ကျေးရွာနေလူငယ်လူရွယ်များ ဗုဒ္ဓ၏အဆုံးအမများ သိရှိနိုင်ရန်နှင့် လိုက်နာဆောင်ရွက်နိုင်ကြရန်ရည်ရွယ်လျက် စောင့်လေမျိုးနွယ် ဓမ္မစကူးသင်တန်းကို မေလမှစတင်ကာ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်လျက်ရှိရာ ကျောင်းသား၊ ကျောင်းသူ ၂၀၀ ကျော် တက်ရောက်သင်ကြားနေကြောင်း သိရသည်။

အဆိုပါသင်တန်းကို ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တပညာသီဟ၏ ဦးဆောင်မှုဖြင့် ဖွင့်လှစ်ခြင်းဖြစ်ပြီး ကျောင်းပိတ်ရက်ဖြစ်သည့် တနင်္ဂနွေနေ့တွင် သင်တန်း၏သင်ခန်းစာများကို ပို့ချဆွေးနွေး၍ ဗုဒ္ဓဝင်၊ ဘာသာရေးအကြောင်း၊ သီလထိန်းသိမ်းစောင့်ရှောက်ခြင်း၊ လူကောင်းလူတော်ဖြစ်ရေးစသည်ဖြင့် သင်ခန်းစာအခန်းကဏ္ဍ ၄၀ ကို ပညာအရည်အချင်း၊ အသက်အရွယ်၊ အပိုင်းအခြားအလိုက် အတန်းခွဲခြား၍ သင်ပြဆွေးနွေးပို့ချပေးလျက်ရှိကြောင်း၊ သင်တန်းကာလမှာ ရက်သတ္တပတ် ၄၀ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

"ဂန့်ဂေါမြို့နယ်အတွင်းမှာ နယ်မြေခွဲခြားပြီးတော့ ဓမ္မစကူးသင်တန်းတွေ ဖွင့်လှစ်လျက်ရှိရာမှာ ကျွန်မတို့ကျေးရွာက အမှတ်(၃) နယ်မြေအတွင်းမှာ ပါဝင်ပါတယ်။ အမှတ်(၃) နယ်မြေမှာပါတဲ့ ကျေးရွာတွေကမဲ၊ အနောက်ဂန့်ဂေါ၊ လယ်မ၊ ပြစ်မ၊ ပျား၊ အောင်မြင်၊ ရှုံးရှီ၊ လုံခြုံ၊ မကျည်းခင်၊ ဇီးပြား၊ အန်းတား စတဲ့ ကျေးရွာတွေဖြစ်ပါတယ်" ဟု အဆိုပါသင်တန်းမှ ဆရာမဒေါ်ကြည်စိန်က ပြောသည်။

ယင်းသို့ သင်တန်းဖွင့်လှစ်လျက်ရှိရာတွင် မြို့နယ်ရှိ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာနေစေတနာရှင်ပြည်သူများက သင်တန်းကျောင်းသို့လာရောက်၍ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းအပါအဝင် ထောက်ပံ့လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိကြကြောင်း သိရသည်။

**(၄၆၅)**

## အခြေခံပညာ အလယ်တန်းကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**သုဝဏ္ဏဝတီ နိုဝင်ဘာ ၁၁**

သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ဝင်းပကျေးရွာအုပ်စုအတွင်းရှိ ဝင်းပအခြေခံပညာအလယ်တန်းကျောင်းတွင် ပညာသင်ကြားနေကြသော ကျောင်းသား၊ ကျောင်းသူများအတွက် လိုအပ်နေသော ကျောင်းဆောင်သစ်ကို နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ်သိန်းပေါင်း ၃၂၄ သိန်းတန်ဖိုးရှိ ပေ ၉၀×ပေ၃၀ steel structure (တစ်ထပ်ဆောင်) ကို စက်တင်ဘာ ၁၁ ရက်မှ စတင်တည်ဆောက်ခဲ့ရာ ယခုအခါ ပြီးစီးတော့မည်ဖြစ်သည်။ လေးကေသားဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်၍ ဒီဇင်ဘာလအတွင်း အပြီးသတ်ဆောင်ရွက်လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**







နေပြည်တော်(၁) ဖုန်း- 251277 251288 | မင်္ဂလာ (၂) | မင်္ဂလာ စံပြ | ရွှေဆောင်(၁) 01-252113 01-388034 | မင်္ဂလာနိုင်းမွန်း | နေပြည်တော်(၂) ဖုန်း- 251277 251288 | မင်္ဂလာ စံပြ | မင်္ဂလာနိုင်းမွန်း






# မြန်မာနိုင်ငံတွင် အတွင်းတိမ်ကြောင့် မျက်စိကွယ်မှု ပိုများ၍ ခေတ်မီခွဲစိတ်ကိရိယာများ ဆေးရုံကြီးတိုင်းတွင် တပ်ဆင်ပေးထား

**ရန်ကုန် နိုဝင်ဘာ ၁၁**

"ယခုအခါ မြန်မာနိုင်ငံတွင် အခမဲ့ ခွဲစိတ်ကုသခြင်းလုပ်ငန်းသည် အထင်ရှားဆုံး ပရဟိတ ကုသိုလ်ဖြစ် လုပ်ငန်းတစ်ခု ဖြစ်ကြောင်း၊အခမဲ့ မျက်စိခွဲစိတ် ကုသပေးကြသည့် မျက်စိ ဆရာဝန်ကြီးများကို ချီးကျူးဂုဏ်ပြုပါကြောင်း"ဖြင့် နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဆီဒိုးနား ဟိုတယ်၌ ကျင်းပသည့် (၂၇) ကြိမ်မြောက် မျက်စိဆရာဝန်များ ညီလာခံတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးဒေါက်တာ သန်းအောင်က ပြောကြားသည်။

ကာကွယ်ကုသ၍ရသောရောဂါ အားလုံးကို ကုသနိုင်ရန် "အမြင်သန်စွမ်း တို့အခွင့်အလမ်း ၂၀၂၀ အရောက်လှမ်း"ဆိုသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေသည့် နိုင်ငံတစ်ခု ဖြစ်ပါကြောင်း၊ Elimination of Avoidable Bliness အစီအစဉ်ကို ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၌ အဖြစ်များပြီး မျက်စိကွယ်စေတတ်သည့် ရောဂါများဖြစ်သည့် အတွင်းတိမ်၊ရေတိမ်၊ မျက်မှန်တပ်ရန်လိုသည့် မျက်စိမှုန်ရောဂါ၊ မျက်စိထိခိုက်ဒဏ်ရာရသော ရောဂါ၊ မျက်ခမ်းစပ်ရောဂါနှင့် ဗီတာမင်အေချို့တဲ့မှုကြောင့် ဖြစ်ရသည့် မျက်စိရောဂါများအား ကာကွယ်ကုသခြင်းကို တိုးမြှင့် ဆောင်ရွက်နိုင်ရန် မျက်စိအထူးကု ဆေးရုံကြီးများအပြင် တိုင်းဒေသကြီး၊ ပြည်နယ် ၊ ခရိုင်၊ မြို့ကြီးများတွင် မျက်စိကုဌာနပေါင်း ၇၀ ကို ဖွင့်လှစ်ဆောင်ရွက်ထားရှိပေးပြီး ဖြစ်ပါကြောင်း။

အဖြစ်အများဆုံး အတွင်းတိမ်ရောဂါခွဲစိတ်ကု မိုက်ခရိုစကုတ်များ၊ ခေတ်မီခွဲစိတ်ကုသနည်းဖြစ်သော Phaco Machine များကိုလည်း ဆေးရုံကြီးတိုင်းတွင် တပ်ဆင်ပေးထားပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတွင် အခမဲ့ မျက်စိခွဲစိတ်ကုသခြင်းလုပ်ငန်းသည် အထင်ရှားဆုံး ပရဟိတ ကုသိုလ်ဖြစ် လုပ်ငန်းတစ်ခု ဖြစ်ပါကြောင်းနှင့် စေတနာရှင်များနှင့်အတူ နေရာဒေသ အသီးသီးသို့ သွားရောက်ပြီး ဒေသခံများအား အခမဲ့ မျက်စိခွဲစိတ်ကုသပေးကြသည့် မျက်စိဆရာဝန်ကြီးများကိုလည်း ချီးကျူး ဂုဏ်ပြုပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာရဲမြနှင့် မျက်စိရောဂါကုပညာအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ကိုကိုသန့်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ညီလာခံ အထိမ်းအမှတ်ဆေးနှင့် ဆေးပစ္စည်းပြခန်းများကို ပြည်ထောင်စုဝန်ကြီးက ဖွင့်လှစ်ပေးပြီး ပြခန်းများကို ကြည့်ရှုသည်။

မျက်စိအထူးကု ဆေးရုံကြီးမှ တွဲဖက်ပါမောက္ခ ဒေါက်တာ ညွန့်အောင်က "မြန်မာနိုင်ငံမှာ မျက်စိကွယ်ခြင်းက အတွင်းတိမ်ကြောင့် ပိုပြီးအဖြစ်များတာ တွေ့ရပါတယ်။ ကျန်တာတွေကတော့ ထိခိုက်ဒဏ်ရာရရှိမယ်။ ဆီးချိုကြောင့် ဖြစ်တာရှိမယ်။ အပြင်တိမ်တွေဖြစ်မယ်။ အခြားသောမျက်စိ အမြင်လွှာကွယ်ခြင်း၊ အတွင်းသားများရောင်ခြင်းဆိုတဲ့ ရောဂါတွေဖြစ်မယ်။ ခြုံပြီးပြောရရင် မြန်မာနိုင်ငံ လူဦးရေထူထပ်တဲ့ နေရာတွေမှာ ပိုပြီးအဖြစ်များတာ တွေ့ရတယ်။ တောင်ပေါ်ဒေသတွေက အဖြစ်နှုန်းနည်းတယ်။ လူမှာ အမြင်အာရုံက အရေးကြီးဆုံးဖြစ်တယ်။ ဒါကြောင့်မျက်စိကို ကျန်းမာအောင် စောင့်ရှောက်သင့်တယ်။ မျက်စိ ကျန်းမာရေးအတွက် အနေအထိုင်၊ အစားအသောက်နဲ့ ထိခိုက်ဒဏ်ရာရမှုတွေကို ဆင်ခြင်သင့်တယ်။ ကာကွယ်ကုသလို့ရတဲ့ဟာတွေကို ချက်ချင်း ကုသင့်တယ်။ ဥပမာ- ဆီးချိုကြောင့် ဖြစ်တယ်ဆိုရင် ဆီးချိုကို ကာကွယ်ရမယ်။ အဝေးမှုန်တယ်ဆိုရင် မျက်မှန်ဖြင့် ပြန်လည်ကုသရမယ်။ အတွင်းတိမ်ဆိုရင် အတွင်းတိမ်ကို ဖယ်ရမယ်။ ရေတိမ်ဆိုရင်လည်းကာကွယ်ကုသခြင်းဖြင့် အမြင်တွေပြန်လည် ရှင်သန်အောင် လုပ်ဆောင်သင့်တယ်" ဟု ဆိုသည်။


တွဲဖက်ပါမောက္ခ ဒေါက်တာညွန့်အောင်


တွဲဖက်ပါမောက္ခ ဒေါက်တာနီလာသိန်း

ရန်ကုန် အနောက်ပိုင်းဆေးရုံကြီးမှ တွဲဖက်ပါမောက္ခ ဒေါက်တာနီလာသိန်းက "ဒီဆေးရုံကို ၂၀၁၄ ခုနှစ်က ရောက်ကတည်းက မျက်စိဝေဒနာရှင်များကို အခမဲ့ကုသပေးပါတယ်။ အတွင်းတိမ်ကို ခွဲစိတ်ကုသမှုတွေကိုတော့ အဓိက ဆောင်ရွက်ပေးနေပါတယ်။ မြန်မာနိုင်ငံမှာ မျက်စိအမြင်ကို ကွယ်စေတဲ့အဓိက အကြောင်းရင်းက အတွင်းတိမ်ပါပဲ။ ခွဲစိတ်တဲ့အခါ ရာနှုန်းပြည့် ပြန်လည်မြင်စေနိုင်ပါတယ်။ ကျွန်မအနေနဲ့ အနောက်ပိုင်းဆေးရုံမှာ ပရဟိတလုပ်အားများဖြင့် ပေါင်းစပ်ပြီး အနယ်နယ်အရပ်ရပ်က ပြည်သူတွေအတွက် မျက်ခမ်းစပ်နှင့် မျက်မမြင် ကာကွယ်ရေးမှာ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ပေးပါတယ်" ဟု ဆိုသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ ယနေ့ကမ္ဘာပေါ်တွင် မျက်စိကွယ်သူပေါင်း ၃၉ သန်းနှင့် အမြင်အာရုံချို့တဲ့နေသူပေါင်း ၂၄၆ သန်း ရှိသည်ဟု သိရှိရကြောင်း၊ အမြင် အာရုံချို့တဲ့သူ၏ ၈၀ ရာခိုင်နှုန်းသည် ကာကွယ်ကုသ၍ရသော ရောဂါများ ဖြစ်ကြောင်း ယနေ့ဆွေးနွေးပွဲမှာ သိရသည်။

မြန်မာနိုင်ငံတွင် မျက်စိဆရာဝန်ပေါင်း ၃၀၀ ကျော်ရှိပြီး ယခုညီလာခံကို နှစ်ရက်တာ ကျင်းပသည်။ ညီလာခံတွင် စာတမ်းပေါင်း ၃၆ စောင်ကို ဖတ်ကြားသွားမည် ဖြစ်ပြီး မျက်စိနှင့်ပတ်သက်သော ဆေးပစ္စည်းပြခန်းပေါင်း၃၆ ခန်းကိုလည်း ဖွင့်လှစ်ပြသကြောင်း သိရသည်။

**သတင်း – ဝင်းဝင်းမော်**
**ဓာတ်ပုံ – ရဲထွန်း**

## အယ်ဒီတာထံ ပေးစာ

### ရပ်ကွက်အတွင်းမှ ဇာပန်းထိုးစက်ရုံဖယ်ရှားပေးပါ

ဒဂုံမြို့သစ်(အရှေ့)ပိုင်းမြို့နယ် ချမ်းသာရွှေပြည်အိမ်ရာမြို့တော်(၄) လမ်းရှိ နေအိမ်တစ်အိမ်တွင် ကွန်ပျူတာ ဇာပန်းထိုးစက်ရုံ လုပ်ငန်းကို နေ့ရောညပါ လုပ်ဆောင်လျက်ရှိသဖြင့် ဘေးပတ်ဝန်းကျင်မှ လူများသည် စက်သံများကြောင့် များစွာအနှောင့်အယှက်ဖြစ်ရပါသည်။ ကျောင်းသားကျောင်းသူများ စာကျက်ချိန် အနှောင့်အယှက်ဖြစ်ခြင်း၊ သက်ကြီးရွယ်အိုများ ညကောင်းစွာအိပ်စက်မရခြင်းများ ဖြစ်ပေါ်လျက်ရှိပါသဖြင့် အဆိုပါ စက်ရုံအား ရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သားတစ်ဦး**

### ခွေးလေခွေးလွင့်များရှင်းလင်းပေးစေလို

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်)ပိုင်းမြို့နယ် (၅၄)ရပ်ကွက် သဇင်လမ်းတွင် ခွေးလေခွေးလွင့်များကြောင့် လမ်းသွား လမ်းလာသက်ကြီးရွယ်အိုများနှင့် ကျောင်းသားကျောင်းသူများအား မကြာခဏခွေးကိုက်ခံနေရပါသဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံးရှင်းလင်းဖယ်ရှားပေးစေလိုကြောင်း တင်ပြအပ်ပါသည်။

**သဇင်လမ်းသူ/ သားများ**

### စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှု အရေးယူပေးပါရန်

တောင်ဥက္ကလာပမြို့နယ် (၁၁)ရပ်ကွက် ရာဇသင်္ကြန်(၆)လမ်း အနောက်ဘက်ခြံဝင်းအတွင်းတွင် လူနေအိမ်များဆောက်လုပ်ခြင်း၊ သစ်သားများထားရှိခြင်းများ ပြုလုပ်လျက်ရှိပါသည်။

အဆိုပါ လူနေအိမ်များမှ အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် နောက်ဖေးလမ်းကြားတွင် ရေမြောင်းများ ပိတ်ဆို့ပြီး အနံ့အသက်ဆိုးများ ထွက်ရှိနေပါသည်။ အထက်ဖော်ပြပါကိစ္စရပ်အား အမြန်ဆုံးအရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**(စည်းကမ်းရှိလိုသူ)**

### စည်ပင်ပိုင်လမ်းပေါ်သို့ နေရာချဲ့ထွင်ယူနေ

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သီရိလမ်းအတွင်းရှိ မြေညီထပ်ပိုင်များသည် စည်ပင်ပိုင်လမ်းပေါ်သို့ နေအိမ်ချဲ့ထွင်ခြင်း၊ ပန်းအိုးများ၊ ဘလောက်တုံးများချ၍ နေရာချဲ့ထွင်ယူခြင်း၊ ကုန်တင်ကားကြီးများညအိပ်လာရောက်ရပ်နားခြင်းတို့ကြောင့် သီရိလမ်းအတွင်း နေထိုင်သူပြည်သူများမှ နေ့စဉ်နှင့်အမျှ ယာဉ်ကြောပိတ်ခြင်းနှင့် မလိုလားအပ်ဘဲ လူမှုရေးပြဿနာများဖြစ်ပွားရခြင်းကြောင့် စည်ပင်ဥပဒေအရ လမ်းပေါ်ရှိတရားမဝင် အဆောက်အအုံနှင့် မြေနေရာကျူးကျော်မှုများအား အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသူလမ်းသားများ**



# EU-EOM အဖွဲ့မှ မြိုင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့နှင့်တွေ့ဆုံ

**မြိုင် နိုဝင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်ရုံးခွဲ ရုံးခန်း၌ EU-EOM အဖွဲ့မှမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့နှင့် နိုဝင်ဘာ ၉ ရက် ညနေပိုင်းက တွေ့ဆုံကြောင်း သိရသည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကိုလွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကြီးအဖြစ် ကမ္ဘာက သိရှိရေး နိုင်ငံတကာနှင့် ပြည်တွင်းစောင့်ကြည့်သူအဖွဲ့အစည်းများ၊ ရွေးကောက်ပွဲကော်မရှင်အဆင့် အသီးသီးတို့ ပူးပေါင်းဆောင်ရွက်ရာ မြိုင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့်ဥရောပသမဂ္ဂ (EU-EOM) အဖွဲ့မှ လေ့လာစောင့်ကြည့်သူများသည် မြို့နယ် ရွေးကောက်ပွဲကော်မရှင်ရုံးခန်း၌ ကြိုတင်မဲ ဆောင်ရွက်မှုတို့ကို ဆွေးနွေးခဲ့သည်။

ယင်းနောက် အဆိုပါအဖွဲ့သည် မြိုင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ဆွေးနွေးရာ ဆေးရုံလူနာများ၊ အကျဉ်းကျ မဲဆန္ဒရှင်များ၊ နိုင်ငံခြားရောက် မဲဆန္ဒရှင်များ၊ ပြည်တွင်း မဲဆန္ဒရှင်များ၏ ကြိုတင်မဲပေးမှု၊ ကြိုတင်မဲ လွတ်လပ်စွာပေးနိုင်ရေးဆောင်ရွက်မှု၊ သိမ်းဆည်းထားမှုတို့ကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များက ရှင်းလင်းဆွေးနွေးခဲ့သည်။ **စိန်မြိုင်(မြိုင်)**



# ရေကြီးမှုကြောင့် ပျက်စီးခဲ့သော ကလေး – ပြင်သာလမ်း ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**ကလေး နိုဝင်ဘာ ၁၁**

ကလေးဒေသ ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသော ကလေး - ပြင်သာလမ်းပြုပြင်ခြင်းလုပ်ငန်းများကို နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြင့် မူလအနေအထားထက် သာလွန်စေရေး ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူပြုပြင်ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါလမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် လမ်းဘေးဝဲယာ ရေနုတ်မြောင်း အရှည် ပေ ၇၀၀၀ တူးဖော်ခြင်း၊ အုတ်စီခြင်း၊ ကွန်ကရစ်လောင်းခြင်း၊လမ်းအရှည် ၁ မိုင် အား ပြုပြင်ပြီး အောက်ခံလွှာကြိတ်ခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ခန့်မှန်းလုပ်ငန်း ဆောင်ရွက်ချိန် ၄၅ ရက်သာ ကြာမြင့်မည်ဖြစ်ကြောင်း ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ ဦးမော်မော်နိုင်က ပြောသည်။

အဆိုပါလမ်း ပြုပြင်ဆောင်ရွက်မှုလုပ်ငန်းများ ပြီးစီးပါက ကလေးမြို့မှ ပြင်သာဆိပ်ကမ်းဘက်သို့ ပြည်သူများသွားလာရေး များစွာအဆင်ပြေချောမွေ့လာမည်ဖြစ်သည့်အပြင် ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုလာမည် ဖြစ်ကြောင်း သိရသည်။ **ဂျိုးနက်**

# သက်ငယ်စပါးများ သက်ကြီးစပါးများထက်ဈေးနှုန်းမြင့်လျက်ရှိ



**ဖျာပုံ နိုဝင်ဘာ ၁၁**

ဖျာပုံခရိုင်တွင် ၂၀၁၅ ခုနှစ် မိုးစပါးစိုက်ပျိုးရန် ၈၂၈၆၄၃ ဧက လျာထားခဲ့ရာ အမှန်တကယ် ၈၂၈၄၄၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် ဇူလိုင်၊ ဩဂုတ်လတို့က မိုးကြီးပြီးရေကြီးရေလျှံမှုများကြောင့် ဖျာပုံခရိုင်အတွင်း စပါးစိုက်ခင်းများပျက်စီးမှုရှိကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုအခါ ဖျာပုံခရိုင်အတွင်းစိုက်ပျိုးထားသည့်သက်ငယ်(သီးထပ်ရင်၊ ရက် ၉၀၊ ဆင်းသွယ်လတ်၊မနောသုခ၊ ဆင်းသုခ) စပါးများရိတ်သိမ်းပြီး၊ ရိတ်သိမ်းဆဲဖြစ်ရာဒေးဒရဲမြို့နယ် ခနောင်းကျေးရွာမှ ဧက ၅၀ ကိုကိုယ်တိုင်ဦးစီး လုပ်ကိုင်သူ ဦးတူးက သက်ငယ်စပါးဧက ၂၀ ရိတ်သိမ်းပြီးကြောင်း၊ တစ်ဧကစပါးတင်း ၅၀ ကျော် ယခင်နှစ်များကအတိုင်း ပုံမှန်ထွက်ရှိကြောင်း၊ ကောက်ရိတ်လုပ်အားခ အစောပိုင်း တစ်ဧက ကျပ် ၁၅၀၀၀ မှ နောက်ပိုင်းကျပ် ၂၀၀၀၀ ပေးရကြောင်း ရိတ်သိမ်းပြီးသက်ငယ်စပါးများရောင်းမည်ဆိုပါကစပါးတင်း ၁၀၀ ကို ကျပ် ၇၅၀၀၀၀ ရနိုင်ကြောင်း၊ ဆောင်း(နွေ)စပါးပြန်လည်စိုက်ပျိုးရန်မျိုးအဖြစ်ထားရကြောင်း၊ ဒေသခံတို့အကြိုက်ဘေးကျားစပါးက တင်း ၁၀၀ကို ကျပ် ၇၀၀၀၀၀ သာရှိကြောင်း၊ ပင်လယ်နှင့်နီးသောမိုးစပါးရော၊ ဆောင်း(နွေ)စပါးပါခရိုင်အတွင်း အခြားမြို့နယ်များထက် စပါးအထွက်နည်းကြောင်း၊ မိုးစပါးတစ်ဧကတင်း ၅၀ ကျော် ၆၅ တင်းခန့်သာထွက်ရှိကြောင်းနှင့်ဆောင်း(နွေ)စပါးဆိုပါက တစ်ဧကစပါး ၇၅ တင်းမှ တင်း ၈၀ ခန့်သာထွက်ရှိကြောင်း ပြောသည်။

**အောင်ဝင်း(ဖျာပုံ)**



**မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးအဆောက်အအုံ ဆောက်လုပ်နေမှုအခြေအနေအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဒေါ်တင်မိုးမြင့်နှင့်အဖွဲ့က နိုဝင်ဘာ ပထမပတ်တွင် ကွင်းဆင်းစစ်ဆေးစဉ်။**

**ကြေးမုံ**

**ဓါန်ဝင်းနှင့်ရောင်းရင်းများ**
**တောင်ကြီး/ပြင်ဦးလွင် မီးပုံးပျံပွဲတော် (Nov 24) ထွက်မည်**
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ထမ့်စမ်း၊ မွေ့တော်ကက္ကူ
▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ (ကျောက်စိမ်းဘုရား)
▲ ပုပ္ပါး-ပုဂံ (စွယ်တော်လေးဆူ)၊ ပခုက္ကူ၊ စလေ(ရုပ်စုံ)
▲ ပုပ္ပါး-ပုဂံ (စွယ်တော်လေးဆူ)၊ မန္တလေး၊ ပြင်ဦးလွင်
▲ ထားဝယ် ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ
▲ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ၊ နွားလပို့တောင်
▲ ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်)
▲ ထုံးဘို အကောက်တောင်၊ ပြည်ဘုရားစုံ (စနေ) ▲ ဇလွန်(တနင်္ဂနွေ)
**အပတ်စဉ် သောကြာနေ့တိုင်း**
၂၇၅၊ ပန်းဆိုးတန်းလမ်း(အပေါ်လမ်း) 01-249871,255553,09-5137245,09-5122511

**ရွှေထီးဖြူတာန်း၀ ဘာဆင့်မြင့်ခရီးသွားလုပ်ငန်း**
**ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင် (နေ့စဉ်)**
✦ ပုဂံ( စွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ 65000 (သောကြာ)
✦ တောင်ကြီးတန်ဆောင်တိုင်၊ အင်းလေး၊ ပင်တယ၊ ကက္ကူ၊ ထမ့်စမ်း 55000
✦ တောင်ကြီးတန်ဆောင်တိုင်၊ အင်းလေး၊ ပင်တယ၊ လွိုင်ကော် 65000 } Nov 20,23 24
01-701015,01-710436,09-5403844,09-5044830

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ကိုသိန်းဇံ [၉/တကန(နိုင်)၁၇၉၉၆၂]၏ PP No.(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။
ဖုန်း-၀၉-၅၁၈၅၆၄၂

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ကိုထွန်းထွန်း[၉/တကန(နိုင်)၁၄၈၀၃၁]၏ PP No. MA 412353 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၈၅၆၄၂

**ဦးအုန်းသန့်[၁၂/ဗတထ(နိုင်)၀၃၁၆၄၁]နှင့် အများသိစေရန်ကြေညာချက်**
ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၄) ရပ်ကွက်၊ တိုက် (၁၆၅)၊ အခန်း(၅)နေ ဒေါ်မိုးမိုးအောင် [၈/မကန(နိုင်)၀၂၅၃၁၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။
ကျွန်ုပ်မိတ်ဆွေ၏ ခင်ပွန်းဖြစ်သူ ဦးအုန်းသန့်သည် လွန်ခဲ့သော ၂-၁၁-၂၀၁၅ရက်က နေအိမ်မှ ၎င်း၏ ဆန္ဒအလျောက် ထွက်ခွာသွားပါသည်။ ယနေ့တိုင် အဆက်အသွယ်လုံး၀ မရပါ။ ဦးအုန်းသန့်နှင့် ပတ်သက်သော အရှုပ်အရှင်းများသည် ကျွန်ုပ်မိတ်ဆွေနှင့် ပတ်သက်မှု မရှိပါ။ ဦးအုန်းသန့်နှင့်သာ တိုက်ရိုက်ဖြေရှင်းရန် ဖြစ်ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေအား စိတ်အနှောင့်အယှက်ဖြစ်စေရန် ပြောဆိုပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။
လွှဲအပ်ညွှန်ကြားသူ-
ဒေါ်မိုးမိုးအောင်
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်သန်း(တရားလွှတ်တော်ရှေ့နေ )
(စဉ်-၂၈၆၅)
တိုက်(၂၇၄/၁၅)၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၂၄၁၉၄၁



CHERRY | FM
CHERRY FM
ကမ္ဘာ့တစ်ခုတည်းသော ရေပေါ်အခမ်းအနား
ပဉ္စမအကြိမ်မြောက် အင်းသားဆုံစည်းရာနေ့အား
Cherry FM Radio Station မှ ကြိုဆိုဂုဏ်ပြုပါ၏။
ကျင်းပမည့်နေ့ • တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့ (၁၂-၁၁-၂၀၁၅)
ကျင်းပမည့်နေရာ • ညောင်ရွှေမြို့ အင်းလေးဖောင်တော်ဦးဘုရားရှေ့ရေပြင်ကျယ်
ကျင်းပမည့်အချိန် • နံနက် (၉) နာရီ

# ချင်းတွင်းမြစ်ကမ်းဘေးမှ ဆောင်းမြေပဲစိုက်ပျိုးသူ တောင်သူများ ယခုနှစ်အထွက်နှုန်းကောင်းမည်ဟု ခန့်မှန်းလျက်ရှိ



**မုံရွာ နိုဝင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဇူလိုင်လနှင့် ဩဂုတ်လအတွင်းက နေရာကွက်၍ မိုးကြီးခဲ့ပြီး ချင်းတွင်းမြစ်ရေသည် နှစ်(၅၀)ကာလအတွင်း စံချိန်တင်ရေအမှတ်သို့ ရောက်ရှိခဲ့ရာမှ ယခုအခါ မြစ်ရေများ တဖြည်းဖြည်း ပြန်လည်ကျဆင်းသွားပြီးဖြစ်ရာ မုံရွာမြို့ ချင်းတွင်းမြစ်ကမ်းဘေးရှိ သီးနှံစိုက်ခင်းများတွင် ဆောင်းမြေပဲများ စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း သိရသည်။

ဆောင်းမြေပဲများ စတင်စိုက်ပျိုးမှု အခြေအနေနှင့် ပတ်သက်ပြီး တောင်သူ ဦးပွင့်က "ဒီနှစ် မြစ်ရေကနှစ်ကြိမ်တက်တော့ ဒီနှစ်ဆောင်းသီးနှံ စိုက်ဖို့အတွက် နည်းနည်းနောက်ကျသွားတယ်။ ထယ်ရေးပြင်တာ နည်းနည်းကြာသွားတယ်။ ပထမတစ်ကြိမ် ထယ်ရေးပြင်လည်းပြီးရော မြစ်ရေက နောက်တစ်ကြိမ် ထပ်တက်လာတော့ ဒုတိယအကြိမ် ရေအကျပြန်စောင့်ပြီး ပြန်ထွန်ရပါတယ်။ အခုစိုက်မှာက လေးဧကလောက်ဆိုတော့ အစိုက်နောက်ကျမှာ စိုးရိမ်တာနဲ့ ထွန်စက်ငှားပြီး ထွန်ထားရပါတယ်။ အခု SP မြေပဲမျိုး ရှစ်တင်း စိုက်ပျိုးမှာ ဖြစ်ပါတယ်။ အရင်နှစ်က ဒီလိုအချိန်ဆိုရင် မြေပဲပင်လေးတွေ တော်တော်သန်နေပြီ။ အဘတို့စိုက်ခင်းကို ရေကောင်းကောင်းမဝင်တာ ၄/၅ နှစ်လောက်ရှိပြီ၊ ဒီနှစ်တော့ ရေကောင်းကောင်းဝင်တော့ နုန်းတင်တယ်လေ။ အထွက်နှုန်းကောင်းမယ်လို့ ခန့်မှန်းပါတယ်။ မြေပဲပင်ကြားထဲကို ပြောင်းနဲ့ ပဲကြား သီးညှပ် စိုက်ထားပါတယ်။ နောက်လေးလလောက်ဆိုမြေပဲ ဆွတ်လို့ရပြီ။

အဆိုပါ မြစ်ကမ်းဘေး စိုက်ခင်းများတွင် ရာသီအလိုက် သီးနှံများကို စိုက်ပျိုးလျက်ရှိပြီး ယခုနှစ် စံချိန်တင် မြစ်ရေမြင့်တက်မှုကြောင့် နုံးအတင်များကာ စိုက်ပျိုးသည့် သီးနှံများ အထွက်ကောင်းလိမ့်မည်ဟု တောင်သူများက မျှော်လင့်ခန့်မှန်းလျက်ရှိကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

# အရောင်အသွေးစုံလင်သော ရောင်စုံပန်းအလှပင်မျိုးစုံနှင့် စားသုံးသီးနှံပျိုးပင်ပေါက်များ အရောင်းအဝယ်ဖြစ်ထွန်းလျက်ရှိ

**မော်လူး နိုဝင်ဘာ ၁၁**

ရာသီစားသုံးသီးနှံပင်မျိုးစုံနှင့် အရောင်အသွေး စုံလင်သောအလှစိုက်ပန်းမျိုးစုံ ပျိုးပင်ပေါက်များကို ပျိုးဥယျာဉ်များမှတစ်ဆင့် ဝယ်ရောင်းကြသူများက အရောင်းအဝယ်ဖြစ်ထွန်းလျက်ရှိကြောင်းစစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးစည်ပင်သာယာဈေးတွင်နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက တွေ့မြင်ခဲ့ရသည်။

မော်လူးဒေသနှင့်အနီးဝန်းကျင်ကျေးရွာများတွင်ဒေသခံအများစုမှာ အိမ်သုံးပန်းအလှပင်များကို စိုက်ပျိုးရန်အတွက် ပျိုးပင်များဝယ်ယူရန် အခက်အခဲရှိနေသောကြောင့် နယ်လှည့်ရောင်းချလျက်ရှိသော စားသုံးသီးနှံပင်များ၊ ရောင်စုံပန်းအလှပျိုးပင်များကို ကြိုက်နှစ်သက်ကာ ဈေးကောင်းပေးပြီးဝယ်ယူစိုက်ပျိုးလာကြသည်။ ယခုအခါ နယ်လှည့်အရောင်းဈေးသည်များဖြစ်သည့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကံကြီးရွာပျိုးဥယျာဉ်မှ လိုက်ထရပ်မော်တော်ယာဉ်ဖြင့် တစ်ဆင့်ခံဝယ်ယူ ရောင်းချသူများထံမှ နံနက်ခင်း ဈေးသွားဈေးလာ ဒေသခံများက အကြိုက်တွေ့ကာ ဝယ်ယူလျက်ရှိသည်။

"ကျွန်မတို့ဒေသမှာစိုက်ပျိုးရေးပျိုးဥယျာဉ်လည်းမရှိတော့အိမ်သုံးအလှစိုက်ပျိုးဖို့ရောင်စုံပန်းအလှပျိုးပင်တွေ ကောင်းကောင်းမရနိုင်သလို့ မန္တလေး ပြင်ဦးလွင်မြို့ပေါ်ကိုလည်းတက်ပြီးတော့ ဝယ်ယူဖို့က မလွယ်ကူတဲ့အတွက် အခုလိုဈေးဝယ်ရင်းနဲ့ အလွယ်တကူဝယ်လို့ရတဲ့တာမို့ ငွေအကုန်အကျလဲသက်သာတယ်၊ စိတ်ကြိုက်ရွေးဝယ်လို့လည်းရတော့ အဆင်ပြေတာပေါ့"ဟု မော်လူးမှဈေးဝယ်သူတစ်ဦးက ပြောသည်။

"အခုကျွန်တော်တို့ရောင်းချပေးနေတဲ့ပျိုးပင်တွေကတော့ အာဆီယံ သပြေနှင်းဆီပင်အမျိုးပေါင်း ၁၀မျိုး၊ သနပ်ခါးပင်၊ ကျောက်ပန်းပင်၊ မည်စည်ပင်၊ တောထန်းပင်၊ ကြူဝါးပင်၊ ရောင်စုံသစ်ခွပင်တွေရယ် စားသီးနှံပင်တွေဖြစ်တဲ့ ခြောက်လ ငွေသီးပင်၊ သံပရာပင်၊ မာလကာပင် အစရှိတဲ့ အရောင်းအသွေးစုံလင်ပြီး အရည်အသွေးကောင်းမွန်တဲ့ ပျိုးပင်တွေကို ရောင်း ချပေးနေတာပါ။ ပျိုးပင်ပေါက်တစ်ပင်ကို ငွေကျပ်၅၀၀ကနေ ကျပ် ၄၅၀၀ထိ အိမ်တိုင်ရာရောက်ဈေးနှုန်းချိုသာစွာရောင်းချပေးနေတာပါ" ဟု အရောင်းကိုယ်စားလှယ်ဦးစိုးတင့်က ပြောပြသည်။

**နီတိုး**

## လူကုန်ကူးမှုနှင့်ပတ်သက်၍ပြည်သူများသတင်းပေးတိုင်ကြားနိုင်ရန် ဖုန်းနံပါတ်များပြောင်းလဲသတ်မှတ်

**နေပြည်တော် နိုဝင်ဘာ ၁၁**

လူကုန်ကူးမှုနှင့်ပတ်သက်၍ အများပြည်သူများ သတင်းပေးတိုင်ကြားနိုင်ရန်အတွက် အရေးပေါ်(Hot Line) ဖုန်းနံပါတ်များကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် မူဆယ်မြို့တို့တွင် ထားရှိခဲ့ရာမှ ယခုအခါ အရေးပေါ် (Hot Line) ဖုန်းများကို နေပြည်တော်တစ်ခုတည်းတွင် ဖုန်းနံပါတ် ၀၉-၄၉၅၅၅၆၆၆၊ ၀၉-၄၉၅၅၅၇၇၇၊ ၀၉-၄၉၅၅၅၈၈၈၊ ၀၉-၄၉၅၅၅၉၉၉ တို့ဖြင့် သတ်မှတ်ထားရှိပြီး လူကုန်ကူးမှုနှင့်ပတ်သက်၍ သတင်းပေးတိုင်ကြားနိုင်ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ သိရသည်။ **(သတင်းစဉ်)**

MYANMAR'S LAND
Success, Motivation and Management Institute
We must work together! We must build our Nation!
တော်ဝင်စင်တာ New Campus တွင် သင်ကြားပါမည်
ဝန်ဆောင်မှု (Service) နယ်ပယ်နှင့် ပတ်သက်နေသူတိုင်း ဝန်ဆောင်မှုလုပ်ကိုင်သူတိုင်း တက်ရောက်သင့်သည့်
CERTIFICATE IN CUSTOMER SERVICE MANAGEMENT သင်တန်း
ABE (UK) ၏ ကမ္ဘာ့အမှတ်အများဆုံးရ (WORLD FIRST) ရရှိထားသော ဆရာ လင်းသိုက်ညွန့် (မြန်မာ့မြေ) ကိုယ်တိုင် သင်ကြားပေးပါမည်။
သင့်ဝန်ထမ်းတွေရဲ့ ဝန်ဆောင်မှု (Service) ကျွမ်းကျင်မှုကို မြှင့်တင်လိုပါသလား ... ? ကျွန်ုပ်တို့ သင်တန်းကို လွှတ်လိုက်ပါ။ ဝန်ဆောင်မှုနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်များကို နားလည်သဘောပေါက်သွားစေရန် တာဝန်ယူပါသည်။ မကြာမီဝင်ရောက်လာမည့် နိုင်ငံတကာကုမ္ပဏီကြီးများနှင့်အပြိုင် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် မိမိတို့ရဲ့ Service ဆိုင်ရာ အသိသုတများကို မြှင့်တင်နိုင်ရန် ဤသင်တန်းကို မဖြစ်မနေတက်ရောက်လိုက်ပါ။
www.facebook.com/mlinstitute
၁၃-၁၁-၂၀၁၅ ရက်နေ့ စမည်။ ကြာသပတေး-သောကြာ ညနေ (၅:၃၀) မှ (၇:၃၀) အထိ၊ ၁-လသင်တန်း ■ Limited Seats ! ■
Campus 1 - 209(B), Shwegonedine Road, Kominkochin Quartar, Bahan Township, Yangon. Campus 2 - Taw Win Centre (3rd Floor)
Contact : 548500, 098628594, 0943121060, 095010014, 0932350785 website : www.lynnthaiknyunt.com

## ရေးမြို့နယ်အသင်း(ရန်ကုန်)
## ပထမအကြိမ်စုပေါင်းမဟာဘုံကထိန်ပွဲ ဖိတ်ကြားလွှာ

ရေးမြို့နယ်အသင်း(ရန်ကုန်)၏ ပထမအကြိမ်စုပေါင်းမဟာဘုံကထိန်ပွဲကို (၁၃၇၇ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၄ရက်) ၁၅-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် နေလကမ္ဘာသာသနာ့ဗိမာန်ကျောင်း၊ အာဒိကာရုံအနောက်တိုက်၊ ကျောင်းအမှတ်(၃၀)၊ (၇)ရပ်ကွက်၊ သာကေတမြို့နယ်၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများနှင့် ရေးမြို့နယ်သူ၊ ရေးမြို့နယ်သားများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် လှူဖွယ်ပစ္စည်း၊ ဝတ္ထုငွေများအား ဦးမြင့်ဆွေ ဖုန်း ၀၉-၃၁၂၆၈၉၉၉၊ ဦးဖေအောင် ဖုန်း-၀၁-၅၇၀၀၆၂၊ ဦးစံလွင် ဖုန်း ၀၉-၅၁၇၂၆၈၄၊ ဦးစိုးတင့် ဖုန်း-၀၉-၅၂၀၀၁၁၂၊ ဦးသက်ဝင်း ဖုန်း ၀၉-၅၀၅၈၅၂၅၊ ဒေါ်ခင်စောမြင့် ဖုန်း ၀၉-၃၀၃၅၄၉၉၆၊ ဒေါ်မိမိဆန်း ဖုန်း ၀၉-၅၀၄၂၂၇၄၊ ဒေါ်ခင်မြင့်လွင် ဖုန်း ၀၉-၄၂၅၃၄၆၆၂၇၊ ဒေါ်မြင့်မြင့်ဦး ဖုန်း ၀၉-၂၅၄၃၁၉၈၁၉၊ အသင်းရုံး ဖုန်း ၀၉-၇၃၂၀၁၂၂၄သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး မပျက် မကွက် တက်ရောက်ပေးကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

မှတ်ချက်။ ။နံနက်စာဖြင့် ဧည့်ခံပါမည်။

အလုပ်အမှုဆောင်အဖွဲ့
ရေးမြို့နယ်အသင်း(ရန်ကုန်)

### ပျောက်ဆုံးကြောင်း

ကျွန်မ နန်းတင်သိန်း [၃/ဘအန(နိုင်)၃၂၆၈၆၆]၏ PP No (မမှတ်မိ)သည် ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

ဖုန်း ၀၉-၄၂၀၀၈၃၅၈၉

### ပျောက်ဆုံးကြောင်း

ကျွန်မ မယုစန္ဒာမောင် [၁၂/တမန(နိုင်)၁၂၀၁၈၄]၏ PP No. 27671 သည် ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

ဖုန်း ၀၉-၅၄၀၀၄၂၂

### အမှားပြင်ဆင်ခြင်း

၆-၁၁-၂၀၁၅ရက်၊ သောကြာနေ့ ကြေးမုံသတင်းစာ ကန့်ကွက်ကြော်ငြာစာမျက်နှာ(၇)တွင် ဒေါ်ခင်ခင်ဝင်းမှ တရားလိုပြုလုပ်၍ဟု မှားယွင်းဖော်ပြထားပါသဖြင့် ဒေါ်ခင်မာဝင်းမှ တရားလိုပြု၍ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### စာအုပ်စာပေ လူ့မိတ်ဆွေ

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေ(kyats)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | တင်ဒါပုံစံ ရောင်းချမည့်နေ့ | တင်ဒါပိတ်ရက်/ အချိန် |
|---|---|---|---|---|
| (က) | 3-7(T)/MESC/2015-2016 | ရုံးသုံးစက်ကိရိယာများ(၇)မျိုး | ၆-၁၁-၂၀၁၅ | ၂၀-၁၁-၂၀၁၅ ၁၃း၀၀နာရီ |
| (ခ) | 3-8(T)/MESC/2015-2016 | ရုံးသုံးပရိဘောဂများ(၁၆)မျိုး | ၆-၁၁-၂၀၁၅ | ၂၀-၁၁-၂၀၁၅ ၁၃း၀၀နာရီ |
| (ဂ) | 3-9(T)/MESC/2015-2016 | ရုံးသုံးယာဉ်များ (အုပ်ချုပ်မှုနှင့်လုပ်ငန်းသုံး) | ၆-၁၁-၂၀၁၅ | ၂၇-၁၁-၂၀၁၅ ၁၃း၀၀ နာရီ |
| (ဃ) | 3-10(T)/MESC/2015-2016 | တာယာနှင့်ဘက်ထရီများ | ၆-၁၁-၂၀၁၅ | ၂၇-၁၁-၂၀၁၅ ၁၃း၀၀နာရီ |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်) ၇၇-လမ်း၊ ၂၆-၂၇ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၂-၇၃၈၀၁

Building a Brighter FUTURE
VALUESTAR EDUCATION CENTRE
Since 2007
Certificate Course in
• Human Resource Management
တနင်္ဂနွေနေ့ (နံနက် ၇း၀၀ မှ ၉း၀၀ထိ) ၂၂.၁၁.၂၀၁၅ စမည်။
• Financial Management
ကြာသပတေးနေ့ (ညနေ ၆း၀၀ မှ ၈း၀၀ထိ) ၁၉.၁၁.၂၀၁၅ စမည်။
• SME Management (ILO,SIYB)
စနေ၊တနင်္ဂနွေနေ့ (ညနေ၄း၀၀ မှ ၇း၀၀ထိ) ၂၁.၁၁.၂၀၁၅စမည်။
• Marketing Management
တနင်္ဂနွေနေ့ (နံနက် ၇း၀၀ မှ ၉း၀၀ထိ) ၁၃.၁၂.၂၀၁၅စမည်။
09-5043580, 09-5200547, 09-450001145
တိုက်(၁၅)၊ပထမထပ်၊ ဦးထွန်းလင်းခြံလမ်းထိပ်၊ Giordano ဖက်ရှင်ဆိုင်မျက်စောင်းထိုး၊ လှည်းတန်း မှတ်တိုင်အနီး။
တိုက်(၅)၊ပထမထပ်၊ For you & me Beauty Saloon အပေါ်ထပ်၊ လှည်းတန်းသင်္ဘောတိုက်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း။


Forever Gems by ရွှေနန်းတော်
၃၁-၁၀-၂၀၁၅ မှ ၃၁-၁-၂၀၁၆ အထိ
အများဆုံးဝယ်ယူသူ (၁၀)ဦးအတွက်
ထပ်ဆင့်အထူးလက်ဆောင်မွန်
နေ့စဉ်ဖွင့်လှစ်ရောင်းချပေးနေပါပြီ
Myanmar Plaza ရှိ Forever Gems By ရွှေနန်းတော် အတွက်သာ
ရွှေ (၁၀)ကျပ်သား (၁) ဆု ၊ ရွှေ (၇)ကျပ်သား (၁) ဆု
ရွှေ (၅)ကျပ်သား (၁) ဆု ၊ ရွှေ (၃)ကျပ်သား (၂) ဆု
ရွှေ (၂)ကျပ်သား (၂) ဆု ၊ ရွှေ (၁)ကျပ်သား (၃) ဆု
ရွှေနန်းတော်စိန်ရွှေရတနာဆိုင် (၄) ဆိုင်၏
နှစ်သစ်အကြိုအထူးအစီအစဉ်
သိန်းပေါင်း (2000) ကျော်ချီးမြှင့်ပေးမည့် Lucky Draw Program
GRAND LUCKY DRAW PROGRAM
MAZDA3
Brand New ကား (၂) စီး
၅ကျပ်သား ရွှေဆွဲကြိုး (၄)ကုံး ၊ iphone (၂၀)လုံး
Samsung Note 5 (၁၅)လုံး ၊ ipad (၁၅)လုံး
Customer များအတွက် Silver Card
Customer များအတွက် Gold Card
Customer များအတွက် Diamond Card
353,500
358,000
365,500
688,000
1,178,500
301,000
WOW! 25% off
1,099,000
1,458,000
337,000
1,313,000
1,483,500
826,000
ချက်ချင်းပေါက် ချက်ချင်းယူ ဗလာမပါ ကံစမ်းမဲ
(၁) ၂ ကျပ်သား ရွှေဆွဲကြိုး (၄) ကုံး
(၂) ၁ ကျပ်သား ရွှေဆွဲကြိုး (၁၀) ကုံး
(၃) ၁၂ ပဲ ရွှေဆွဲကြိုး (၁၀) ကုံး
(၄) ၈ပဲ မှ ၁ပဲသား ရွှေထည်ပစ္စည်း (၂၅၀) နှင့်အခြားအဖိုးတန်ပစ္စည်းများ
၅.၁၀.၂၀၁၅ မှ ၁၅.၁.၂၀၁၆ ထိ
ဆိုင်(၁) - အမှတ်-၃၄၃၊ မဟာဗန္ဓုလလမ်းနှင့်လမ်းမတော်လမ်းထောင့်၊ သံချေးမီးပွိုင့်အနီး၊ Ph: 01-210572,01-229409,01-227212
ဆိုင်(၂) - အမှတ်-၆၈၅၊ ၁၉ လမ်းနှင့်မဟာဗန္ဓုလလမ်းထောင့်၊ Ph:01-211728, 01-226977,01-228751
ဆိုင်(၃) - မြေညီထပ်၊ Junction Square Shopping Centre ၊ Ph: 09-731 45462,09-731 45463
ဆိုင်(၄) - (G-05A), မြေညီထပ်၊ Myanmar Centre Plaza (HAGL, Near Sedona Hotel)ကမ္ဘာအေးဘုရားလမ်း၊
Ph: 09-2653 99966, 09-2653 99977, 09-2653 99988.

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph: 01 707062, 09 799100100
01 703790, 09 797100100

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209077, 209388

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
## မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပျားလုပ်ငန်းဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လုပ်ငန်းအမည် - ပျားသလက်ပေါင်အလွတ်(၆)ချပ်ပါ ယိုးဒယားပုံစံ ကွန်းပျားအိမ်(၂၅၀၀)လုံး ပြုလုပ်ခြင်းလက်ခတင်သွင်းရန်

၂။ လိုအပ်သည့်စံချိန်စံညွှန်း - ဆီဆေးအဖြူ အချောသုတ်ပြီးဖြစ်ရမည်။ ပျားအိမ်(၁)လုံးလျှင် Steel Screw (၄၀)လုံးစုပ်ပြီးဖြစ်ရမည်။ လက်ယှက်စရွေး စကေးကိုက်ဖြစ်ရမည်။ သတ်မှတ်ရက်အတွင်း ပစ္စည်းပေးသွင်းနိုင်သူဖြစ်ရမည်။

၃။ အဆိုပြုလွှာ နောက်ဆုံးပေးသွင်းရမည့်နေ့ရက်နှင့်အချိန် - ၂၄-၁၁-၂၀၁၅ရက်(အင်္ဂါနေ့)၊ မွန်းတည့် ၁၂:၀၀နာရီ

၄။ အဆိုပြုလွှာတင်သွင်းရမည့်နေရာ - ပျားလုပ်ငန်းဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်။

တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များအား အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၀၆၁၊ ၀၆၇-၄၀၈၀၄၃တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရန်နှင့် ဤဝန်ကြီးဌာန၏ Website ဖြစ်သော www.mlfrd.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပျားလုပ်ငန်းဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ကျန်းမာရေးဝန်ကြီးဌာန၊
## ကုသရေးဦးစီးဌာန၊ နေပြည်တော်ကုသရေးဦးစီးဌာနမှူးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေ ကုသရေးဦးစီးဌာနအောက်ရှိ မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံများရှိ လူနာများအား ကုသပေးရန် F.D.A အသိအမှတ်ပြု ဆေးဝါးများ၊ ဓာတ်ခွဲ ဓာတ်မှန်သုံးဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁၂-၁၁-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၄-၁၂-၂၀၁၅ရက်(သောကြာနေ့)၊ ညနေ ၄:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ ပစ္စည်းများစာရင်း အသေးစိတ်ကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့၊ နေပြည်တော်ကောင်စီကုသရေးဦးစီးဌာနမှူးရုံး**
**နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)**
**ဖုန်း-၀၆၇-၄၂၀၆၈၃၊ ၀၆၇-၄၂၀၀၉၇**

## သင်တန်းသားခေါ်ယူခြင်း

၁။ သမဝါယမဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ သင်တန်းကျောင်းများ၌ ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၁ရက်တွင် ဖွင့်လှစ်မည့် အောက်ပါသင်တန်းများသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | သင်တန်းကျောင်း | သင်တန်းအမည် | လက်ခံမည့် သင်တန်းသားဦးရေ |
|---|---|---|---|
| ၁ | ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ | (က)ချည်မျှင်နှင့်အထည် အလိပ်အတတ်ပညာ ဒီပလိုမာ(၁)နှစ်သင်တန်း | ၅၀-ဦး |
| | | (ခ)ရိုးရာလွန်းရာကျ အချိတ်(၆)လသင်တန်း | ၁၀-ဦး |
| | | (ဂ)ရွှေချည်ထိုးငွေချည်ထိုး (၃)လ သင်တန်း | ၁၀-ဦး |
| ၂ | ရက်ကန်းနှင့်အသက်မွေး ပညာသင်တန်းကျောင်း (စစ်တွေ၊ မုဒုံ၊ တောင်ကြီး၊ မိတ္ထီလာ၊ မုံရွာ၊ ပခုက္ကူ၊ ရွှေတောင်၊ ဖလမ်း၊ မြစ်ကြီးနား၊ လွိုင်ကော်၊ ဘားအံ၊ မင်းတပ်၊ ကျောက်မဲ) | လက်ရက်ကန်း(၆)လ သင်တန်း | မုံရွာကျောင်း (၂၀)ဦးနှင့် ကျန်ကျောင်းများ (၁)ကျောင်း လျှင် (၁၀)ဦးစီ ဖြင့် (၁၄၀)ဦး |

၂။ လျှောက်ထားသူသည်
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ အမှတ်စဉ်(၁) (က)သင်တန်းအတွက် အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ အမှတ်စဉ်(၁) (ခ)၊ (ဂ) သင်တန်းများအတွက် အခြေခံပညာမူလတန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။
(ခ) ၁-၁၂-၂၀၁၅ရက်တွင် အသက်(၁၆)နှစ်ပြည့်ပြီး (၂၅)နှစ်မကျော်ရ။
(ဂ) အိမ်ထောင်မရှိသူ ဖြစ်ရမည်။
(ဃ) ရိုးရာလွန်းရာကျအချိတ်နှင့် ရွှေချည်ထိုး၊ငွေချည်ထိုးသင်တန်းများကို အမျိုးသမီးများသာ လျှောက်ထားနိုင်သည်။
(င) ချည်မျှင်နှင့်အထည်အလိပ်အတတ်ပညာဒီပလိုမာ (၁)နှစ်သင်တန်းနှင့် လက်ရက်ကန်း (၆)လ သင်တန်းအတွက် အရပ်အမြင့် (ကျား) ၅ပေ ၁လက်မ၊ (မ) ၄ပေ ၁၁လက်မ ရှိရမည်။

၃။ သင်တန်းတိုင်းအတွက် အဆောင်အခမဲ့ နေထိုင်ခွင့်ပြုမည့်အပြင် ပညာသင်ထောက်ပံ့ကြေး တစ်ဦးလျှင် (၁)လ ၁၈၀၀၀ိ/- ချီးမြှင့်မည်ဖြစ်ပြီး ရက်ကန်းပညာရပ်ကို အမှန်တကယ်စိတ်ပါဝင်စားသည့် သတ်မှတ်အရပ်အမြင့်ရှိသူများအား အသက်ကန့်သတ်ချက် လျှော့ပေါ့၍ လက်ခံသွားမည်ဖြစ်ပါသည်။

၄။ လျှောက်ထားလိုသူများသည် အထက်ပါကျောင်းများနှင့်အောက်ဖော်ပြပါရုံးများတွင် စုံစမ်းလျှောက်ထားနိုင်ပါသည်-
(က) အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ အဆောက်အဦအမှတ်(၁၆)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၇၃၊ ၀၆၇-၄၁၀၂၄၀၊ ၀၆၇-၄၁၀၃၇၀
(ခ) အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးများ (မြစ်ကြီးနား၊ လွိုင်ကော်၊ ဘားအံ၊ ဟားခါး၊ မုံရွာ၊ ထားဝယ်၊ ပဲခူး၊ မကွေး၊ မန္တလေး၊ မော်လမြိုင်၊ ရန်ကုန်၊ စစ်တွေ၊ တောင်ကြီး၊ ပုသိမ်၊ နေပြည်တော်ကောင်စီနှင့် သက်ဆိုင်ရာကျောင်းများ)

**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**

## ညောင်ကန်အေးရိပ်သာ
## "ဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ"

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မဟာစည်ဩဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ၌ ဝါဆိုဝါကပ်တော်မူကြသော သံဃာတော်အရှင်မြတ်တို့အား ကထိန်လျာသင်္ကန်းကို (၁၃၇၇ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ရက်) ၁၅-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၉နာရီအတွင်း အလှူရှင်များကိုယ်တိုင် ညောင်ကန်အေးဆရာတော်ကြီးအား စေတနာသုံးတန်ပြဋ္ဌာန်းပြီး နိဗ္ဗာန်ကိုရည်မှန်း၍ သင်္ကန်းဒွိစုံတစ်စုံ (၃၅၀၀ိ/-)၊ ထီး(၂၀၀၀ိ/-) ဖိနပ်(၂၀၀၀ိ/-)၊ သံဃာဆွမ်း(၁၀၀၀ိ/)၊ ယောဂီဆွမ်း(၅၀၀ိ/-)ဖြင့် တက်စွမ်းသမျှ လှူဒါန်းနိုင်ကြပါသည်။ နံနက် ၉:၃၀နာရီတွင် မဟာမဏ္ဍကထိကဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာ အရှင်ကုဏ္ဍလကကိုယ်တိုင် အနုမောဒနာတရား ချီးမြှင့်ဟောကြားမည်ဖြစ်ပါသည်။

**ဖုန်း-၀၁-၆၄၂၂၁၉**

## အထက(၁)အင်းစိန် ကျောင်းသား၊ ကျောင်းသူဟောင်းများအသင်း(ယာယီ)
## (၁၉၂၈-၂၀၁၄)

အသင်းကြီးကို အောက်ပါအစီအစဉ်အတိုင်း ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် မပျက်မကွက် တက်ရောက်ပါဝင် ပူးပေါင်းဆောင်ရွက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**နေ့ရက် - ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ရက် (တနင်္ဂနွေနေ့)**
**အချိန် - မွန်းလွဲ ၂:၀၀နာရီတိတိ**
**နေရာ - အ. ထ. က(၁)အင်းစိန်၊ ဧရာခန်းမ**

**ကျောင်းသား/ကျောင်းသူဟောင်းများအသင်း**
**ဖြစ်မြောက်ရေးကြိုးပမ်းမှုကော်မတီ(ယာယီ)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှ မူဆယ်မြို့၊ မကွေးမြို့နှင့် မင်းဘူးမြို့ရှိ အောက်ပါသတ္တုရောရာပစ္စည်းများကို အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချသွားမည်ဖြစ်ပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ ပေးသွင်းနိုင်ရေးအတွက် ဖိတ်ကြားအပ်ပါသည်။

| | | | | |
|---|---|---|---|---|
| (က) | စကျင်ကျောက် / အင်ကြင်းကျောက် | (၈၂)ကီလိုဂရမ် / (၁၆၅၃၀)ကီလိုဂရမ် | မူဆယ်မြို့ | အမေရိကန်ဒေါ်လာ |
| (ခ) | ကြေးနီနှင့်ရောရာသတ္တု | (၅)တန် | မကွေးမြို့ | အမေရိကန်ဒေါ်လာ |
| (ဂ) | ကျောက်မီးသွေး | (၂၅၀၀)တန် | မင်းဘူးမြို့ | မြန်မာကျပ်ငွေ |

၂။ တင်ဒါပိတ်ရက်မှာ ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက် ၁၆:၀၀နာရီ ဖြစ်ပါသည်။
၃။ တင်ဒါပုံစံများနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဖြည့်တင်းထိန်းသိမ်းရေးနှင့်ဝယ်ယူရောင်းချရေးဌာနခွဲ၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ ရုံးအမှတ်(၁၉)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၁၆၂၊ ၀၆၇-၄၀၉၀၁၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။ **တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း**

## ဂျီအိုလိုင်းယဲန်းမြန်မာအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
## (Geollion Myanmar Public Company Limited)
## ဖွဲ့စည်းပြီးဖြစ်ကြောင်းကြေညာခြင်း

ဂျီအိုလိုင်းယဲန်း မြန်မာ အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (Geollion Myanmar Public Company Limited) ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီ များ ညွှန်ကြားမှုဦးစီးဌာနမှ ကုမ္ပဏီမှတ်ပုံတင် အမှတ် - ၁၆၈၀/၂၀၁၅-၂၀၁၆(ရက) (၁-၉-၂၀၁၅)ဖြင့် ဖွဲ့စည်းတည်ထောင်ပြီး ဖြစ်ကြောင်း အများပြည်သူအားကြေညာအပ်ပါသည်။

ဂျီအိုလိုင်းယဲန်းမြန်မာ အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်သည် စားသောက်ဆိုင်၊ အပန်းဖြေလုပ်ငန်းနှင့် ဟိုတယ်လုပ်ငန်းများ၊ တနင်္သာရီတိုင်းမှ ကျွန်းငယ်များဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလုပ်ကိုင်ရန် ရည်ရွယ်ပါသည်။ ကုမ္ပဏီနှင့် ပါတ်သက်သော အသေးစိတ် အချက်အလက်များကို ဆက်လက် အသိပေး ကြေညာသွားမည်ဖြစ်ပါသည်။

ကုမ္ပဏီရုံးခန်းကို အမှတ်(၂၅၆)၊ အေးစေတီလမ်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီးတွင် ဖွင့်လှစ်ထားပါသည်။

ဒါရိုက်တာအဖွဲ့
ဂျီအိုလိုင်းယဲန်းမြန်မာအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

## ရန်ကုန်မြို့ မဟာစည်မြဝတီသာသနာ့ရိပ်သာ
## ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

(၁၃၇၇ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့)(ကြာသပတေးနေ့) ၂၆-၁၁-၂၀၁၅ ရက်၌ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေး ရပ်ကွက်၊ မဟာစည်မြဝတီသာသနာ့ရိပ်သာ၌ ရိပ်သာအတွင်းရှိ ဆရာတော် သံဃာတော်အရှင်သူမြတ်များနှင့် ပင့်သံဃာတော် အပါး(၁၀၀)ကျော်တို့အား နေ့ဆွမ်းဆက်ကပ်ပြီး ကထိန်သင်္ကန်းနှင့် နဝကမ္မဝတ္ထုငွေများဆက်ကပ်လှူဒါန်းကြမည်ဖြစ်ပါသဖြင့် အနီးအဝေးရှိ တပည့်ဒကာ၊ ဒကာမများအားလည်း ပါဝင်လှူဒါန်း ကုသိုလ်ပြုနိုင်ကြစေရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ဝေယျာဝစ္စအဖွဲ့**
**ဖုန်း-၀၉-၅၁၉၆၈၈၁၊ ၀၁-၅၇၂၆၆၄**

## ပြည်မြို့မဟာစည်မြဝတီသာသနာ့ရိပ်သာ
## ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

(၁၃၇၇ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ရက်)၊ (ကြာသပတေးနေ့) ၁၉-၁၁-၂၀၁၅ရက်၌ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ပွင့်လှသိမ်ကုန်း ရပ်ကွက်၊ မဟာစည်မြဝတီသာသနာ့ရိပ်သာ၌ ရိပ်သာအတွင်းရှိ ဆရာတော် သံဃာတော်အရှင်သူမြတ်များနှင့် ပင့်သံဃာတော် အပါး(၇၅)ပါးတို့အား နေ့ဆွမ်းဆက်ကပ်ပြီး ကထိန်သင်္ကန်းနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြမည်ဖြစ်ပါသဖြင့် အနီးအဝေးရှိ တပည့်ဒကာ၊ ဒကာမများအားလည်း ပါဝင်လှူဒါန်း ကုသိုလ်ပြုနိုင်ကြစေရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ဝေယျာဝစ္စအဖွဲ့**
**ဖုန်း-၀၉-၅၁၉၆၈၈၁၊ ၀၉-၄၂၀၀၇၈၄၁၄**

## စီးပွားရေးဆိုင်ရာ ဟောပြောပွဲကျင်းပမည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ အမှတ်(၂၂၈/၂၄၀)၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်တွင် ဖွင့်လှစ်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုသင်တန်းကျောင်း၏ Business Talkအစီအစဉ်အရ စီးပွားရေးဆိုင်ရာ ဟောပြောပွဲကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ရက် (စနေနေ့) ၉:၃၀နာရီမှ ၁၂:၃၀နာရီအထိ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက **"ရန်ကုန် စတော့ အိပ်ချိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှုအလားအလာ"** ခေါင်းစဉ်ဖြင့် အထက်ဖော်ပြပါ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ပဉ္စမထပ်ရှိ ညီလာခံခန်းမ၌ ဟောပြောဆွေးနွေးမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

**ဖုန်း-၀၁-၃၇၁၂၀၄၊ ၃၇၁၂၁၇**

မြန်မာမြတ်ချယ်ရီ Travels & Tours Co.,Ltd
ကိုရီးယား($990)၊ ဗန်ကောက်($.330)၊ ဗီယက်နမ် ($.350)
ဘာလီကျွန်း၊ ကိုးရီးယား-ဂျပန်၊ အပြီးအစီး Package
ဖူးခက်၊ ကမ္ဘောဒီးယား၊ မော်လ်ဒိုက်၊ ထိုင်ဝမ်၊ စင်ကာပူ
တစ်ခုတည်းသော ကိုရီးယားအခြေစိုက်မြန်မာကိုယ်ပိုင်ရုံးခွဲ
01-551240, 09-73160843, 09-5003647

EVER TOP ဘာသာစကားသင်တန်းများ Ph:09254903604 098770096 0973040610
အမှတ်(၆၆/၆၈)၊ ၅လွှာ၊ အင်းစိန်လမ်း၊ (စံရိပ်ငြိမ်မှတ်တိုင်၊လှည်းတန်းအနီး)

| ဂျပန် | တရုတ် / ကိုရီးယား | အင်္ဂလိပ် |
|---|---|---|
| ဦးအောင်ဆွေဦး၊ ဦးအေးသိန်း ဆရာမစင်နင်းရုံဆရာမစင်ဝေလွင်၊ ဆရာမသက်ထား<br>ဂျပန်စကားပြော (ပုံမှန်/အမြန်)<br>4-Skills (အခြေခံ/အဆင့်မြင့်)<br>အလုပ်ဝင်အင်တာဗျူးအမြန်<br>N5,N4,N3,N2,N1 လေ့ကျင့်မှု<br>တစမေးပွဲစာအုပ်များရောင်းသည်။ | ဆရာစိုင်းဆိုင်ခမ်းဝ်<br>တရုတ်စကားပြော လစဉ် (၈၀၀၀)<br>(နိုင်ငံတကာသုံးအသံထွက်)<br>**ကိုရီးယား**<br>ဒေါ်ခင်ယုယုစမ်း<br>EPS TOPIK / 4-Skills<br>(မေးခွန်းသင်ရိုးသစ်စာအုပ်ရောင်းသည်) | ဦးမိုးမြင့်မောင် (Top English)<br>(a) Saya William<br>ဆရာအောင်အောင်<br>4-Skills(General) (၅၀၀၀)<br>Phonetics<br>Practical English<br>Grammar+Writing<br>စကားပြော ၃လပြတ် (၁၀၀၀၀)<br>(ရုံးချိန်လွတ်တန်းခွဲများရှိသည်) |



WEST CHESHIRE COLLEGE
Miba MYANMAR INTERNATIONAL BUSINESS ACADEMY
UK အစိုးရကောလိပ် (West Cheshire College) မှ ချီးမြှင့်မည့်
Diploma in Banking & Finance
သင်ကြားမည့်ဘာသာရပ်များ
- Financial Institutations and Markets
- Fundamental of Economics
- Introduction to Banking
- Financial Reporting & Analysis
- Introduction to Financial Management

Address : Myanmar International Business Academy.No.125, 5th Floor A, Near Sin Yay Twin Bus Stop,Insein Road, Kamayut Township, Yangon.
09 - 420100712
09 - 252228889

**RVi Institute partners the best institutions to bring you...**

The RVi Institute Foundation Diploma in Management Studies [ in collaboration with Singapore Institute of Management (SIM) ]

Information Talk: 14th November 2015 | 10:00 AM - 12:00 NOON | The RVi Global Education Campus

RVi INSTITUTE Centre for Higher Education

CONTACT US NOW TO REGISTER FOR OUR INFORMATION TALKS

72, Chin Dwin Street, Kamaryut Township, Yangon, Myanmar | Tel: 01-536 260, 01-230 5998, 09-254 711 898
Email: rvinstitute.admission@gmail.com | Facebook: RVi Group | Website: rvi-institute.com









## ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကောက်
## အသက်(၈၃)နှစ်
## ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
## တိမ်တန်းရေယာဉ်မှူး

မန္တလေးမြို့၊ ကျောက်တလုံးရွာနေ (ဦးကဲ-ဒေါ်ကျည်းတန်)တို့၏သား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၁၀/၅၁၅)၊ ဇရာဝတီဝင်းအတွင်းနေ (ဒေါ်အမာရွှေ)၏ခင်ပွန်း၊ (ဦးဝင်းနိုင်)-ဒေါ်ခင်စန်းဝင်း၊ မသန်းသန်းငွေ၊ ဦးငွေးကျော်-မကြူ၊ ကိုမျိုးသိန်း-မသန်းသန်းအေး၊ ကိုမျိုးသန့်-မမြင့်မြင့်ရွှေ၊ ကိုကျော်စိုး-မခင်စန္ဒာရီ၊ ကိုလှမျိုး-မနီနီခိုင်(YUDE)တို့၏ ဖခင်၊ မြေး ၁၄ ယောက်တို့၏အဘိုး ဦးကောက်သည် ၁၀-၁၁-၂၀၁၅ (အင်္ဂါနေ့) နံနက် ၁၀း၄၅ နာရီတွင် SAKURA ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၁၅ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်မြမြ (၈၄)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၃)လမ်း၊ အမှတ်(၁၀၀)နေ (ဦးမောင်ကို-ဒေါ်တင်မေ)တို့၏သမီး၊ ဦးလှမြင့်ဝင်း(တရားရေး-ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးကျော်ကျော်တင့်-ဒေါ်ခင်စိမ်းဝင်း၊ (ဦးအောင်ဆန်းဝင်း)-ဒေါ်ဝင်းဝင်းမြင့်၊ ဦးစည်သူသိန်း-ဒေါ်စန္ဒာဝင်း၊ ဦးအောင်ဆန်းကြည်-ဒေါ်အေးအေးပြုံး၊ ဦးလှမျိုးမင်း-ဒေါ်သက်ထားမြင့်တို့၏ မိခင်၊ မြေး ခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၀-၁၁-၂၀၁၅(အင်္ဂါနေ့) နံနက် ၅း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၁၅(ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရန်ကုန်ပြည်သူ့ ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

### ဦးခင်မောင်ကြည်(ဦးတွတ်) (၇၆)နှစ်
### ကုန်သွယ်လယ်ယာ-ပုသိမ်(ငြိမ်း)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်၊ ရာဇသင်္ကြန်လမ်းအမှတ်(၆၈၁)၊ ပထမထပ်နေ (ဦးအုန်းကြွယ်-ဒေါ်လှကြည်) တို့၏သား၊ (ဦးမောင်အုန်း-ဒေါ်မြရီ)တို့၏သားသမက်၊ ဒေါ်မေရီအုန်း ၏ခင်ပွန်း၊ (ဒေါ်ခင်စောအေး)-ဦးလှသန်း၊ (ဒေါ်ခင်အုံးကြူ)၊ ဒေါ်စိုးစိုးကြွယ်(ခ) ဘေဘီ-ဦးအောင်ကျော်၊ (ဦးမိုးမြင့်)-ဒေါ်မြင့်မြင့်ဝေ၊ (ဒေါ်မို့မို့ကြွယ်)-ဦးတင်ရီတို့၏အစ်ကို၊ ဒေါ်ခင်နီလာအုန်း၊ ဒေါ်ခင်သီတာအုန်း(ဖက်ရှင်နှင့် စက်ချုပ်သင်တန်း)-ဦးဝင်းလတ်၊ ဒေါ်ခင်ဥမ္မာအုန်း-MR. ERICNG(စင်ကာပူ)၊ဒေါ်ခင်ပပအုန်း-ဦးငွေအောင်ထွန်း(စင်ကာပူ)၊ဦးယဉ်မင်းထက် (လားရှိုးကြီး)-ဒေါ်လွင်လွင်တို့၏ ဖခင်၊ မေဘဝင်ခေတ်လွန် (Siam University Bangkok)၊ မာနခင်၊ ခင်မာန၊ ယွန်းထက်ကြယ်စင်၊ မိုးထက်ကြယ်စင်တို့၏ဘိုးဘိုးကြီးသည် ၉-၁၁-၂၀၁၅ (တနင်္လာနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၁-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဗိုလ်မှူးဟိန်းသူ (၃၃)နှစ်
### ကြည်း-၃၆၁၈၁၊ စတသ(၄၅)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ ခေမာသီ(၃)လမ်း၊ အမှတ်(၇၁)နေ ဗိုလ်ကြီးစိန်ထွန်း(ငြိမ်း)-ဒေါ်မြကျင်တို့၏ မြေး၊ ဦးသက်အောင်-ဒေါ်ခင်ဝင်းရီ (အထက်တန်းပြ၊ ထ-၁၊ မ/ဥ)တို့၏သား၊ ဒေါ်ညွန့်ညွန့်စိန်၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ဇွဲခန့်အောင်၊ မောင်ဘုန်းမင်းခန့်တို့၏ချစ်လှစွာသော ဖခင် ဗိုလ်မှူးဟိန်းသူသည် ၁၀-၁၁-၂၀၁၅ (အင်္ဂါနေ့) နံနက် ၁း၃၀ နာရီတွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း တိုင်းပြည်အတွက် အသက်ပေးလှူသွားပါသဖြင့် ၁၆-၁၁-၂၀၁၅ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### အထူးကျေးဇူးတင်ရှိခြင်း
### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်တင်သက်(ခ)ဒေါ်တာ
### အသက်(၉၅)နှစ်
### (မြိတ်မြို့)

၃၁-၁၀-၂၀၁၅(စနေနေ့) ည ၉း၄၀နာရီတွင် မြိတ်မြို့၊ အမှတ်(၁၇၂)၊ ဗိုလ်ချုပ်လမ်း၊ ထားဝယ်စုရပ်၊ ရွှေခြင်္သေ့မင်း လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေးဆိုင်နေ မိခင်ကြီး ဒေါ်တင်သက်(ခ)ဒေါ်တာ၏နာရေးနှင့် ရက်လည်ဆွမ်းကျွေးတွင် တရားဓမ္မာကြွရောက်ချီးမြှင့်ပေးပါသော စံကျောင်းဆရာတော်အားလည်းကောင်း၊ ထားဝယ်စု မီးသတ်ရပ် DFB မှ အားကြိုးမာန်တက်ဆောင်ရွက်ပေးသော ရပ်မိရပ်ဖများအားလည်းကောင်း၊ မိခင်ကြီးမကျန်းမာစဉ်ကာလပတ်လုံး အနီးကပ်စောင့်ရှောက်ပေးသော ဒေါက်တာမြင့်စိုးအားလည်းကောင်း၊ သန္တာကျွန်းမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ မိသားစု မောင်နှမများ၏ သူငယ်ချင်း။ မိတ်ဆွေအပေါင်းအသင်းများအားလည်းကောင်း၊ ရပ်ဝေးမှ တယ်လီဖုန်း၊ အင်တာနက်ဖြင့် သတင်းမေးသူများအားလည်းကောင်း၊ မြန်မာအမျိုးသားလေကြောင်းလိုင်း ရန်ကုန်လေဆိပ်မှ လေယာဉ်လက်မှတ်ကူညီပေးသူအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလုံးအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူသမီးကြီး**
**ဦးကျော်ကျော်ဝင်း-ဒေါ်သီသီသန်း မိသားစု(ရန်ကုန်)**
**နှင့်မြိတ်မိသားစု**

---

### (၅)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ရွှေမြို့တော်နာရီဆိုင်နှင့်
ရွှေဘုံသာစားတော်ဆက် (Restaurant)

### ဦးပီတာထွန်းခင် (ရွှေဘို)

(၅)နှစ်ပြည့် ဝမ်းနည်းကြေကွဲပါကြောင်း။

**ဇနီး - ဒေါ်မာမာမြင့်**
**သား - ကိုဝင်းကိုနှင့် ဇနီးမခင်ငြိမ်းချမ်း**
**မြေး - မခင်လပြည့်ဝန်း(စင်ကာပူ)**

---

### စောကြူဝင်း(ခ)ဦးမောင်ဝင်း
### အသက်(၉၀)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ မြတ်လေးရုံလမ်း၊ အမှတ်(၅)နေ (စောဝိုင်ဂန်-တန်တောက်ထွန်)တို့၏သား၊ ဒေါ်ခွေးမ(ခ)ဒေါ်မွေအိန်း၏ခင်ပွန်း၊ (ဦးဝင်းဝင်း)-ဒေါ်ခင်သန်းဝင်း၊ ဦးတင်ဝင်း-ဒေါ်လှဝင်း၊ ဦးငွေဝင်း-ဒေါ်စိုးယုယုသန့်၊ ဦးဝင်းကျော်-ဒေါ်ခင်စန်းဝင်း၊ ဦးလှဦး (Steven Hwang)-ဒေါ်ခင်စန်းအေး (U.S.A)၊ ဦးမင်းဟန်နိုင်-ဒေါ် ခင်စန်းငွေးတို့၏ ဖခင်၊ မြေး ၁၄ ယောက်တို့၏အဘိုးသည် ၈-၁၁-၂၀၁၅ (တနင်္ဂနွေနေ့) ဒေသစံတော်ချိန် ဝဝး၅ဝနာရီတွင် CALIOFO RNIA ပြည်နယ်၊ FREMONT မြို့(U.S.A)၌ ကွယ်လွန်သွားပါကြောင်းအသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၁၁-၂၀၁၅ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဦးမြင့်စိုး (၆၂)နှစ်
### B.Sc(Chemistry)
### စန်းငွေရောင်သက်န်းဆိုင်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အာဇာနည်လမ်း၊ ခြံအမှတ်(၆၀/A)၊ ရွှေနံ့သာရပ်ကွက်နေ (ဦးမောင်ခင်- ဒေါ်လှကြည်)တို့၏သားကြီး၊ ကိုချစ်စိုး-မခင်ငွေးရီ (ပဥ္စရူပသက်န်းဆိုင်)၊ ဦးအောင် ငြိမ်း-ဒေါ်တင်တင်ဝင်း၊ (ဦးစိန်လွင်)-ဒေါ်ခင်စန်းဝင်း (သံတွဲခရိုင် တရားသူကြီး)၊ မောင်စောဝင်း(PSI)၊ ကိုနေမင်းအောင်-မရည်မွန်ကိုတို့၏အစ်ကိုကြီး၊ မနိုနိုဝင်းလွင်၊ မဆုသွေးအိမ်၊ မအိသဲမွန်၊ မနေရည်မွန်၊ မောင်မင်းပိုင်သူ၊ မောင်နိုင်ဝင်းလွင်တို့၏ဘကြီးသည် ၉-၁၁-၂၀၁၅(တနင်္လာနေ့) နံနက် ၂း၃၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၁-၂၀၁၅(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်] ကျန်ရစ်သူမိသားစု

---

### ဒေါ်စောကြည်
### အသက် (၈၅)နှစ်

ဒါးပိန်မြို့နယ်နေ (ဦးအေး-ဒေါ်တင်) တို့၏ သမီးငယ်၊ ဦးအုန်း-ဒေါ်မြဝင်း၊ ဦးဝိန်အေး - ဒေါ်လှလှသောင်းတို့၏ အဒေါ်၊ (ဒေါ်ခင်ငွေးရီ)၊ ဒေါ်ခင်ဝင်းရီ၊ ဒေါ်ခင်မာမြင့်၊ ဦးရဲထွန်း၊ ဦးမျိုးအောင်၊ ဒေါ်ခင်ခင်ကြီး၊ ဦးမျိုးသန်းတို့၏အဘွား ဒေါ်စောကြည်သည် ၁၀-၁၁-၂၀၁၅ (အင်္ဂါနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၁၁-၂၀၁၅(တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]ကျန်ရစ်သူမိသားစု

---

### ဒေးဒရဲမြို့နယ်အသင်း
### ဦးသိန်းထွန်း (၈၄)နှစ်
### သက်ကြီးကန်တော့ခံ
### မြန်မာ့ရေနံ အကြီးတန်း
### အုပ်ချုပ်ရေးအရာရှိ(ငြိမ်း)

ဒေးဒရဲမြို့နေ (ဆရာကြီးဦးဘသင်-ဒေါ်မြင့်)တို့၏သား၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ် (၁၆/၄)ရပ်ကွက်၊ သုမန (၄)လမ်းနေ ဒေါ်တင်ကြည်၏ခင်ပွန်း၊ ဦးထွန်းဝင်း-ဒေါ်ခင်သန်းဦး၊ ဦးဇော်ဇော်သန်း-ဒေါ်ခင်မျိုးဝင်း၊ ဦးမြင့်ဝင်း-ဒေါ်ခင်မေသိန်း၊ ဦးခင်မောင်ရင်-ဒေါ်သီတာဦးတို့၏ဖခင်၊ ဦးအောင်နိုင်ဦး၏ ဘကြီး၊ မြေး ၁၀ယောက်၊မြစ်နှစ်ယောက်တို့၏အဘိုး အသင်းဝင်(၅၅၆)သည် ၆-၁၁-၂၀၁၅ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁-၂၀၁၅ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဒေးဒရဲအသင်းဝင်များအား အသိပေးအကြောင်းကြား အပ်ပါသည်။

ဒေးဒရဲအသင်းအမှုဆောင်အဖွဲ့

---

### ဦးထိပ်တင်လွင်(ခ)
### Henri Gywe (၇၄)နှစ်

အင်းစိန်မြို့နယ်၊အမှတ်(၅၅၄)၊ မမဦးလမ်း၊ (ဗဟိုလမ်း)၊ အနောက်ကြို့ကုန်းနေ (ဦးစိုးကြွယ်-မြင်ကွန်းထိပ်ခေါင် တင်မလေး)တို့၏သား၊ (ဒေါ်ထိပ်တင်သီ)၊ (ဒေါ်ထိပ်တင်ညွန့်)၊ ဒေါက်တာထိပ်တင်လှ၊ (ဒေါ်ထိပ်တင်အေး)တို့၏မောင်၊ ဦးထိပ်တင်မြင့်-ဒေါ်ခင်ဆွေဦး (Rita)တို့အစ်ကို၊ တူ/တူမ ရှစ်ယောက် တို့၏ ဦးလေး၊ ဒေါက်တာတိုးနန္ဒာတင်၏ ခင်ပွန်း ဦးထိပ်တင်လွင်သည် ၉-၁၁-၂၀၁၅(တနင်္လာနေ့) နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၁-၂၀၁၅ (သောကြာနေ့) နံနက် ၁၀ နာရီ တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီ တွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၁၁-၂၀၁၅(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှ ၁၂ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဒေါ်ခင်အေး (၆၈)နှစ်
### B.A(Law)
### (မြေတိုင်းဦးစီးဌာန-ငြိမ်း)

(ဦးကြီးမောင်-ဒေါ်သိန်း)တို့၏သမီး၊ (ဦးခင်ရွှေ)၏ ဇနီး၊ မောင်ဇေယျမင်း၊ မဆွေစင်အိ-မောင်မြတ်ညီညီတို့၏ မွေးသမိခင်၊ ဦးစိန်လှိုင်-ဒေါ်နန်းခင်ငွေးတို့၏ညီမ၊ ဒေါ်စန်းအေး-ဦးစောထွန်းမင်း၊ ဒေါ်နှင်းအေး-(ဦးဘိုဘို)တို့၏ အစ်မ၊ ရန်ကုန်မြို့၊ အမှတ်(၁၀၁)၊ ပထမထပ်၊ စက်တွင်းလမ်း၊ ဂဠုန်ရပ်ကွက်၊အလုံမြို့နယ်နေ ဒေါ်ခင်အေး သည် ၁၀-၁၁-၂၀၁၅ ရက် မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၁၅ ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### အကယ်ဒမီ ဒေါ်တင်တင်နွဲ့
### အသက်(၇၁)နှစ်

ဝဏ္ဏကျော်ထင်ဦးသက်ထွန်း(တရားရုံးချုပ်တရားသူကြီး-ငြိမ်း)၏ဇနီး ဒေါ်တင်တင်နွဲ့သည် ၁၀-၁၁-၂၀၁၅ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်လှလှသန်း၊**
**ဒေါ်ခင်ချိုဆက်၊**
**ဒေါ်မြင့်ကြည်**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဦးရှိန်မင်း (၆၇)နှစ်
### ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်
### ရန်ကုန်မြောက်ပိုင်းခရိုင်

ရန်ကုန်မြောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးရှိန်မင်းသည် ၇-၁၁-၂၀၁၅ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ**
**ရန်ကုန်မြောက်ပိုင်းခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးဟိန်းသူ
### ကြည်း-၃၆၁၈၁
### အသက်(၃၃)နှစ်
### စတသ(၄၅)

သူငယ်ချင်းဟိန်းသူ

၁၀-၁၁-၂၀၁၅ ရက် နံနက် ၁း၃၀ နာရီမှာ တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ပေးလှူသွားကြောင်း သိရတဲ့အတွက် သူငယ်ချင်းရဲ့မိသားစုနှင့် ထပ်တူထပ်မျှ ငါတို့သူငယ်ချင်းအားလုံးမှ ဂုဏ်ယူစွာဖြင့် ဝမ်းနည်းကြေကွဲရပါတယ်။

**စစ်တက္ကသိုလ်(၄၅) သူငယ်ချင်းများ**

---

### အထူးကျေးဇူးတင်ရှိခြင်း
### မောင်ဆက်နောင်ဖြိုး
### အသက်(၁၇)နှစ်

၃၁-၁၀-၂၀၁၅ရက် နံနက် ၄း၂၅နာရီတွင် ကွယ်လွန်သွားခဲ့သော သားကြီး မောင်ဆက်နောင်ဖြိုး အသက်(၁၇)နှစ်၏ နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှ ကူညီပေးခဲ့ပါသော ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့မှ စခန်းမှူးဦးအေးမင်းသိန်းနှင့် ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ လူပုဂ္ဂိုလ်များ၊ ရပ်မိရပ်ဖများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ နှလုံးလှ နာရေးကူညီမှုအသင်း၊ နာရေးကူညီမှုအသင်း(ရန်ကုန်)နှင့်အင်တာနက်၊ ဖေ့(စ်)ဘုတ်မှ ဝမ်းနည်းခြင်း ပေးပို့ကြပါသော သား၏သူငယ်ချင်းများ၊ မိတ်ဆွေများ၊ သက်န်းနှင့်လှူဖွယ် ပစ္စည်းမျိုးစုံ၊ လှူဒါန်းငွေအစုစုတို့ကို ပေးပို့လှူဒါန်းကြပါသော မိတ်ဆွေအပေါင်း အသင်းများအားလုံးကို ကျန်ရစ်သူမိသားစုမှ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**ပါပါး-ဦးဖြိုးကျော်စွာလှိုင်(ခ)ကိုဖြိုး**
**မေမေ-ဒေါ်စန္ဒီ(ခ)ဒေါ်စုလှိုင်အေး**
**ညီမလေး-ရွှေပုံ့နှင့် ကျန်ရစ်သူမိသားစု**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မာရှီးလျှင်(လားရှိုး)
## အသက်(၁၀၈)နှစ်

ဦးရန်ဟော်-ဒေါ်ခင်ခင်ထက်(Mottama Holdings Ltd)တို့၏ မိခင် ဒေါ်မာရှီးလျှင်(လားရှိုး) အသက်(၁၀၈)နှစ်သည် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Bagan Royal Star Construction Co.,Ltd**

Hot Line No-0930500100

# ချင်းပြည်နယ်ရှိ မြေပြိုဆည်များအန္တရာယ် ကြိုတင်ကာကွယ်ရေး အလုပ်ရုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၁**

မြန်မာနိုင်ငံတစ်ဝန်းတွင် ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုဖြစ်စဉ်များအပါအဝင် ချင်းပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သည့် သဘာဝတောင်ပြိုရေကန်(သို့မဟုတ်) မြေပြိုဆည် (Land Slide Dam) များနှင့် ပတ်သက်ပြီး ပြည်သူလူထုအနေဖြင့် ပကတိအခြေအနေနှင့် သတင်းအမှန်သိရှိရန် ရည်ရွယ်၍လည်းကောင်း၊ လက်ရှိအခြေအနေကို ရှုထောင့်စုံမှ ပြီးပြည့်စုံစွာ ကွင်းဆင်းလေ့လာသုံးသပ်ပြီး ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်နိုင်ရန် လိုအပ်သည့်အစီအမံများ ချမှတ်ဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း ရည်ရွယ်၍ ချင်းပြည်နယ်ရှိ မြေပြိုဆည်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက နေပြည်တော် သစ်တောဦးစီးဌာန **စာမျက်နှာ ၁၄ ကော်လံ ၁ သို့**❖




သဘာဝတောင်ပြိုရေကန်ဖြစ်ပေါ်လျက်ရှိသည့် မြေပြိုတောင်ကုန်း၏ စတုတ္ထအဆင့်အား မြင်တွေ့ရပုံ။ [ဓာတ်ပုံ-ဆည်မြောင်း]

## မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းများ တိုးတက်မြင့်မားလျက်ရှိကြောင်း ကမ္ဘာ့နိုင်ငံအများအပြားက လက်ခံအတည်ပြု

စာမျက်နှာ - ၇

## ပြည်သူ့အကျိုးမျှော်ကိုးထမ်းရွက် အိုအက်စ်အက်စ်

စာမျက်နှာ - ၁၅

**၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အနိုင်ရ လွှတ်တော်ကိုယ်စားလှယ်နှင့် မဲရလဒ်များကို စာမျက်နှာ ၄၊ ၅၊ ၆၊ ၇ တွင် ဖော်ပြထားပါသည်။**

# ပီအက်စ်ဂျီတိုက်စစ်မှူး အီဘရာဟီမိုဗစ် ဆွီဒင်၏ တစ်နှစ်တာအကောင်းဆုံးဆု(၁၀)ကြိမ်မြောက် ဆွတ်ခူး



ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းနှင့် ဆွီဒင်လက်ရွေးစင်အသင်းတိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် ဆွီဒင်နိုင်ငံ၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို (၁၀)ကြိမ်မြောက် ရယူဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် ဆွီဒင်နိုင်ငံ၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ၂၀၀၅ ခုနှစ်က ပထမဆုံးအကြိမ်အဖြစ် ဆွတ်ခူးနိုင်ခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် အာဆင်နယ်ကွင်းလယ်ကစားသမားဟောင်း ဖရီးဒီးလွန်းဘတ်က ရယူဆွတ်ခူးနိုင်ခဲ့သည်။

သို့ရာတွင် တိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် ၂၀၀၇ ခုနှစ်မှ စတင်ကာ ယခု ၂၀၁၅ ခုနှစ်အထိ (၉)ကြိမ်ဆက်တိုက်ရယူဆွတ်ခူးထားနိုင်ခဲ့သည်။ အီဘရာဟီမိုဗစ်သည် ကစားသမားဘဝတစ်လျှောက်တွင် အီတလီစီးရီးအေကလပ်အသင်းများဖြစ်ကြသည့် ဂျူဗင်တပ်အသင်း၊ အင်တာမီလန်အသင်းနှင့် အေစီမီလန်အသင်းတို့တွင် ပါဝင်ကစားခဲ့သည့်အပြင် စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းတွင်လည်း ကစားခဲ့သူဖြစ်သည်။ အီတလီစီးရီးအေတွင် ပါဝင်ကစားခဲ့စဉ်က စီးရီးအေ၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို သုံးကြိမ်အထိဆွတ်ခူးနိုင်ခဲ့သည်။ **စာမျက်နှာ ၁၄ ကော်လံ ၄ သို့**●







themirror.npt@gmail.com
www.facebook.com/themirrordaily